# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၄)
အမှတ် (၁)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံတည်ထောင်သည့်နေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၆၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့သည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြိုးပမ်းမှုကို ပိုမိုအားထည့်ဆောင်ရွက်

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း စက်တင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ထွန်းလျက်ရှိတဲ့ နိုင်ငံရေးဖြစ်စဉ်နဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို လေ့လာကြည့်ရှုတဲ့အခါမှာ အဆင့်တစ်ခုကို ရောက်ရှိနေပြီဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်များရဲ့ အောင်မြင်ဖြစ်ထွန်းမှုနဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုများ ရှိနိုင်တယ်ဆိုတာ လက်ခံထားပါတယ်။ ကျွန်တော့်အနေနဲ့ အထူးပြုပြောကြားလိုတဲ့အချက်ကတော့ ဒီကနေ့ရရှိထားတဲ့ ဖြစ်ထွန်းမှုအဆင့်ဆင့်ဟာ မိမိတို့ရဲ့ အနာဂတ်ကို ပြဋ္ဌာန်းသတ်မှတ်နိုင်ပြီး ကျွန်တော်တို့ တည်ဆောက်လိုတဲ့ လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် တက်လှမ်းနိုင်ဖို့အတွက် အခြေခံအုတ်မြစ်ပဲ ဖြစ်ပါတယ်။ အခုလို ပြောကြားရခြင်းဟာလည်း ဒီကနေ့ ကျွန်တော်တို့ရရှိပိုင်ဆိုင်ထားတဲ့ အခြေအနေကောင်းများကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံရေးဖြစ်စဉ်ဆက်လက်ရှင်သန်နေဖို့အတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့ အချိန်အခါရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိစေရေးအတွက် ပဲဖြစ်ပါတယ်။

နိုင်ငံရေးဖြစ်စဉ်များ ဆက်လက်ရှင်သန်ရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ အလေးထား

*စာမျက်နှာ ၃ ကော်လံ ၁* ❁

> “ဒီကနေ့ရရှိထားတဲ့ ဖြစ်ထွန်းမှုအဆင့်ဆင့်ဟာ မိမိတို့ရဲ့ အနာဂတ်ကို ပြဋ္ဌာန်းသတ်မှတ်နိုင်ပြီး ကျွန်တော်တို့ တည်ဆောက်လိုတဲ့ လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်း တစ်ခုအဖြစ် တက်လှမ်းနိုင်ဖို့အတွက် အခြေခံအုတ်မြစ် ပဲဖြစ်”



အင်ဒိုနီးရှား ယဉ်ကျေးမှုအဖွဲ့က ကျေးလက်ရိုးရာကောက်သစ်စားပွဲ အမှတ်တရသီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေစဉ်။

# အာဆီယံယဉ်ကျေးမှုပြပွဲ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

တွေ့ဆုံမေးမြန်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၃၀**

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် အာဆီယံယဉ်ကျေးမှုပြပွဲ ၂၀၁၄ကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ရက်အထိ အခမဲ့ပြသလျက်ရှိပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံမှ အနုပညာများကို ဖော်ထုတ်ပြသမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူအင်အား ၇၀ကျော် အသုံးပြုကာ မြန်မာတို့၏ ယဉ်ကျေးမှုနှင့် အနုသုခုမကို ဖျော်ဖြေရေးအစီအစဉ်များစွာဖြင့် ဖော်ထုတ်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပွဲကျင်းပနေစဉ်အတွင်း စီစဉ်ထားရှိပုံများနှင့် အနုပညာရှင်များ၏ ဆောင်ရွက်နေပုံများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆


**ယနေ့ မာတိကာ**

အီရတ်ကြည်းတပ်နှင့် အိုင်အက်စ် စစ်သွေးကြွများ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား၊ အမေရိကန်တို့ လေကြောင်းမှ ပစ်ကူတိုက်ခိုက်မှုများပြုလုပ် စာ » ၄

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်း စာ » ၁၃

ဂန့်ဂေါမြို့နယ်အတွင်း ဝါးခုတ်ယူထုတ်လုပ်မှုပမာဏ များပြားသဖြင့် ဝါးမျိုးပျောက်ကွယ်လာနိုင် စာ » ၁၈

ဆက်သွယ်ရေးစနစ်အမှားအယွင်းကြောင့်ငွေဖြည့်သွင်းရန် အကြောင်းကြားခံရသော်လည်း ငွေဖြတ်တောက်မည်မဟုတ် စာ » ၁၉


**ကြော်ငြာအချပ်ပိုရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး အများစုမှာ ဆင်းရဲသူများဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် လူထုဗဟိုပြုစီမံကိန်းတို့အပြင် သမဝါယမဦးစီးဌာန ချေးငွေထုတ်ချေးရေးစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

သမဝါယမချေးငွေစီမံကိန်းသည် ကျေးလက်ဒေသနေပြည်သူအများစုကို အကျိုးဖြစ်ထွန်းစေခဲ့ပြီး ယခုအခါချေးငွေစီမံကိန်းသည် အရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ပါသည်။ သမဝါယမ ဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (Exim Bank of China)မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ချေးယူခဲ့ပြီး ကျေးလက်ဒေသနေပြည်သူများနှင့် ဝင်ငွေနည်းမိသားစုများအား ယခုနှစ် ဇန်နဝါရီလမှစတင်ကာ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ချေးပေးခဲ့ပါသည်။ ချေးငွေများကို အတိုးနှုန်းတစ်ကျပ်ခွဲဖြင့် ထုတ်ချေးခဲ့ပါသည်။ ချေးငွေများကို ခြောက်လတစ်ကြိမ် ပြန်ဆပ်ရပြီး ယခုအခါ ငွေကျပ် ၅၂၄၂၅ ဒသမ ၀၃၀သန်းကို သမဝါယမအသင်းပေါင်း ၂၀၀၀၀ကျော် မှ အသင်းသားများအား ထုတ်ချေးပြီးဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် မကြာသေးမီက အဆိုပါဘဏ်မှပင် အမေရိကန်ဒေါ်လာသန်း ၃၀၀ထပ်မံချေးယူလျက် ချေးငွေများမရသေးသောပြည်သူများအား ထုတ်ချေးပေးရန် စီစဉ်လျက်ရှိကြောင်းသိရပါသည်။ ယင်းချေးငွေများအနက် သန်း ၁၂၀ကို ချေးငွေမရသေးသော သမဝါယမအသင်းသားများသို့လည်းကောင်း၊ သန်း ၁၅၀ကို ချေးငွေရရှိပြီး အသင်းသားများအားကျပ်တစ်သိန်းမှ ငါးသိန်းအထိ ထုတ်ချေးရန်အတွက်လည်းကောင်း၊ ကျန်သန်း ၃၀ကို လယ်ယာသုံးပစ္စည်းများ အရစ်ကျဝယ်ယူရာတွင်လည်းကောင်း အသုံးပြုသွားမည်ဖြစ်ကြောင်းသိရပါသည်။ ထို့အပြင် အတိုးနှုန်းကိုလည်း လက်ရှိ တစ်ကျပ်ခွဲမှ တစ်ကျပ်ရှစ်ပြားအထိလျှော့ချသွားရန် စီစဉ်လျက်ရှိပါသည်။

ကျေးလက်နေပြည်သူအများစုသည် ရာသီဥတုကိုမှီခို၍ စိုက်ရေးပျိုးရေးလုပ်ငန်းခွင်များတွင် လုပ်ကိုင်ကြပါသည်။ ရာသီဥတုမမှန်သည့်အခါ ဆုံးရှုံးမှုများဖြစ်တတ်ပါသည်။ အရေးပေါ်လိုအပ်သောငွေအတွက် အတိုးနှုန်းကြီးမြင့်စွာ ယူကြရသဖြင့် ဘူးလေးရာဖရုံဆင့်ဆိုသလို ဖြစ်ကြရပြန်ပါသည်။ ယခုကဲ့သို့ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေအစီအမံများ ပေါ်ပေါက်လာခြင်းသည် ကျေးလက်နေပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။ ဤသို့ ချေးငွေအစီအမံများကြောင့် စိုက်ရေး ပျိုးရေးကို ကောင်းစွာလုပ်ကိုင်နိုင်မည့်အပြင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်နိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုနှုန်းကို အမှန်ပင်လျှော့ချလာနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ



**ပုဂံ စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၁၂)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့အား ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပုဂံမြို့ရှိ ပုဂံဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
### တရုတ်နိုင်ငံတည်ထောင်သည့်နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညဏ်ထွန်း
### တရုတ်နိုင်ငံတည်ထောင်သည့်နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## မျက်စိဝေဒနာရှင်များ အခမဲ့ကုပေးမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများဖြစ်သော ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် မှော်ဘီ ချမ်းမြေ့ရိပ်သာ ကုသိုလ်ဖြစ် မျက်စိဆေးခန်းတွင် မျက်စိရောဂါ ဝေဒနာရှင်များကို စတုတ္ထအကြိမ်မြောက် အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်ပြီး အထူးသဖြင့် အတွင်းတိမ်ရောဂါဝေဒနာရှင်များကို ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

မျက်စိရောဂါဝေဒနာ ကုသလိုသူများသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၅၅/ က)ရှိ ချမ်းမြေ့ရိပ်သာကျောင်း ဖုန်း-၀၁-၆၅၂၅၈၅ နှင့် ၀၉-၇၃၀၁၂၃၃၃ တို့သို့ အောက်တိုဘာ ၈ ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ပြီး ကနဦး မျက်စိစမ်းသပ်ခြင်းကို ရန်ကုန် ချမ်းမြေ့ရိပ်သာ၌ အောက်တိုဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**






ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မြန်မာနိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများသို့ ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နှင့် ၂ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းမှာဂုဏ်သိက္ခာရှိရှိ ပြန်လည်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတကာထောက်ခံမှု ပိုမိုလိုအပ်

❀ ***ရှေ့ဖုံးမှ***

တိုက်တွန်းလိုတဲ့အချက်ကတော့ ဆွေးနွေးဖက်များဖြစ်ကြတဲ့ အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရေးအတွက် အရေးကြီးတဲ့အဆင့်ကိုရောက်ရှိနေတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ မာရသွန်ပြေးပွဲများမှာ ပန်းတိုင်နဲ့နီးလာလေလေ၊ ပိုပြီးအားစိုက်ရလေဖြစ်တယ်ဆိုသလိုပဲ ဒီကနေ့ မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ တစ်နိုင်ငံလုံးအတိုင်းအတာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ချုပ်ဆိုနိုင်ရေးကြိုးပမ်းဆောင်ရွက်မှုကိုလည်း ပိုမို၍ အားထည့်ဆောင်ရွက်ကြရမယ့်အချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံရေးအင်အားစုများအားလုံးရဲ့ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ အလေးအနက်ထား ပါဝင်ကြိုးပမ်းအားထုတ်မှုတို့ အထူးလိုအပ်လျက်ရှိတဲ့အချိန်အခါလည်းဖြစ်သလို အခုလို အလွန်အရေးကြီးတဲ့အဆင့်ဖြစ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှသာလျှင် မိမိတို့နိုင်ငံရဲ့နိုင်ငံရေးအနာဂတ်ကို ပုံဖော်ထုဆစ်နိုင်မယ့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မှာဖြစ်ပါတယ်။ အဲ့ဒီလို စတင်နိုင်မှသာလျှင် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှု၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်မှုနဲ့ ညင်သာတဲ့နိုင်ငံရေးအသွင်ကူးပြောင်းမှုများကို ရေရာသေချာစေမှာဖြစ်တဲ့အကြောင်းကိုလည်း သတိပြုမိစေလိုပါတယ်။ အထက်မှာ ကျွန်တော်ပြောကြားခဲ့တဲ့အချက်များကို ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အဖွဲ့စွဲနဲ့ အယူဝါဒအစွဲများကို ဘေးဖယ်ပြီးရရှိထားတဲ့ နိုင်ငံရေးဖြစ်ထွန်းမှုများ ဆက်လက်ရှင်သန်ရေးကို အာရုံပြုလုပ်ဆောင်သွားကြဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ စက်တင်ဘာလ လဆန်းပိုင်းမှာ ဂျာမနီ၊ ဆွစ်ဇာလန်နဲ့ နယ်သာလန်နိုင်ငံများကို ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနဲ့အတူ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းမှာ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတကာထောက်ခံမှုပိုမိုလိုအပ်တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အခုလိုပြည်ပခရီးစဉ်များကိုစီစဉ်ပြီး မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များကို နိုင်ငံတကာကို အသိပေးသတင်းစကားပါးနေတာလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာရဲ့အမြင်ပြောင်းလဲလာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံအတွက်အရေးတကြီးလိုအပ်နေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှာ များစွာအကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံရေးတည်ငြိမ်မှုအတွက် အထူးအရေးကြီးသလို ဒီနိုင်ငံရေးတည်ငြိမ်မှုကသာလျှင် လက်ရှိကျွန်တော်တို့ လူ့အဖွဲ့အစည်းချီတက်နေတဲ့ ဒီမိုကရေစီအခြေတည်ခိုင်မာရေးကို အဓိကမဏ္ဍိုင်တစ်ရပ်အနေနဲ့ ထောက်ကူပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်အခုခရီးစဉ်အတွင်း သွားရောက်ခဲ့တဲ့နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသက်သက်သာမက လူသားအရင်းအမြစ်၊ နည်းပညာပိုင်းနဲ့ နိုင်ငံရေးစနစ်များမှာ များစွာမှပင် ရှေ့တန်းကချီတက်နေတဲ့နိုင်ငံများဖြစ်တဲ့အတွက် ဒီခရီးစဉ်က ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိမယ့်အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။

ဒီနိုင်ငံများရဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်များ၊ လူသားအရင်းအမြစ်ပျိုးထောင်မှု၊ ပညာရေးစနစ်များ၊ အင်စတီကျူးရှင်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်နဲ့ကုမ္ပဏီကြီးများရဲ့ စီးပွားရေးမဟာဗျူဟာအမြင်များကို လေ့လာခဲ့ပြီး ကျွန်တော်တို့နိုင်ငံအတွက် လေ့လာသင်ယူစရာတွေနဲ့ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရာများကိုပါလေ့လာခဲ့ပါတယ်။ ဥရောပသုံးနိုင်ငံခရီးစဉ်အတွင်းမှာ သဘာဝသယံဇာတထုတ်ယူတဲ့ စီးပွားရေးကဏ္ဍများမှာထက် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍများမှာ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့နဲ့ လုပ်တလောမှာ လုပ်ငန်းခွင်ဝင်ရောက်ရေးအတွက် ကျွမ်းကျင်လုပ်သားများလေ့ကျင့်မွမ်းမံပေးနိုင်မယ့်အလားအလာများနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတကာမိတ်ဖက်များတိုးတက်ရရှိလာတာနဲ့အမျှ ကူးလူးဆက်ဆံမှုများနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာတော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံသားများအားလုံးအနေနဲ့လည်း ဒီအခွင့်အရေးများကို အမိအရဆုပ်ကိုင်ထားပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ဝင်ရောက်သင်ယူလုပ်ကိုင်နိုင်ဖို့အတွက် ပြင်ဆင်ထားကြရမှာပဲဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စက်တင်ဘာ ၂၃ ရက်နေ့မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံဒေသတွင်းက သက်ဆိုင်ရာဝန်ကြီးများကို လက်ခံတွေ့ဆုံခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ရေ၊ မြေ၊ အနေအထားများဟာ လယ်ယာကဏ္ဍအတွက် သဘာဝကပေးထားတဲ့ အားသာချက်တွေပဲဖြစ်ပါတယ်။ ရိုးရာနည်းစနစ်နဲ့ စိုက်ပျိုးရေးစနစ်များကနေ လုပ်သားအင်အားနည်းနည်းသာသုံးရတဲ့၊ အရင်းအနှီးနည်းပြီး အကျိုးအမြတ်များတဲ့ အရည်အသွေးမြင့်လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မှုဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် များစွာအရေးပါတဲ့ကိစ္စများဖြစ်တဲ့အတွက် လယ်ယာကဏ္ဍကိုလည်း ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာကဏ္ဍတစ်ရပ်အဖြစ် ရှုမြင်အကောင်အထည်ဖော်လျက်ရှိပါတယ်။

လက်ရှိမှာ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသအတွက် စိုးရိမ်ပူပန်မှုတိုးပွားစရာဖြစ်လာတဲ့ကိစ္စရပ်နှစ်ရပ်ရှိပါတယ်။ ပထမတစ်ခုကတော့ ကမ္ဘာကို ခြိမ်းခြောက်လာတဲ့ ကူးစက်မြန်ရောဂါတွေပဲဖြစ်ပါတယ်။ ကူးစက်မြန်ရောဂါများရဲ့စိန်ခေါ်မှုဟာ အသစ်မဟုတ်ပေမယ့် နိုင်ငံတကာမှာ ကူးလူးဆက်ဆံမှုတွေ မြင့်မားလာတာ၊ လူဦးရေသိပ်သည်းဆ မြင့်မားလာတာတွေကြောင့် ရောဂါကူးစက်မှု ပိုမိုမြန်ဆန်လာပါတယ်။ အနောက်အာဖရိကမှာ စတင်ခဲ့တဲ့ အီဘိုလာရောဂါကူးစက်ခံနိုင်ငံများကို ကျွန်တော်တို့အနေနဲ့ လူသားချင်းစာနာနားလည်ပေးနိုင်သလို ကျွန်တော်တို့ ဒေသတွင်းအတွက်လည်း စိုးရိမ်ပူပန်ရပါတယ်။ ဒါ့အပြင် ဇီဝလက်နက်များအသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက်လာနိုင်ခြေများကလည်း စိုးရိမ်ပူပန်မှုများကို ပိုမိုတိုးပွားစေပါတယ်။ ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့သာမက အာဆီယံဒေသအနေနဲ့ပါ ဒီလိုကူးစက်မြန်ရောဂါတွေကို ကာကွယ်ထိန်းချုပ်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ဒုတိယစိန်ခေါ်မှုကတော့ ရာသီဥတုဖောက်ပြန်မှုများကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာတဲ့ကိစ္စဖြစ်ပြီး အာဆီယံဒေသက မြို့ကြီးအတော်များများဟာ ရေကြီးမှုအန္တရာယ်ကို တွေ့ကြုံခံစားလာရပြီဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေကြောင့် ပေါ်ပေါက်လာတဲ့ ဆိုးရွားတဲ့ရာသီဥတုဖောက်ပြန်မှုများရဲ့ဒဏ်တွေကို ရှေ့မှာ မလွဲမသွေ ပိုပြီးရင်ဆိုင်လာရတော့မှာ ဖြစ်ပါတယ်။ မုန်တိုင်းဒဏ်တစ်ခုကြောင့် လူ့အသက်ပေါင်း တစ်သိန်းကျော် ဆုံးရှုံးခဲ့ရတဲ့ နာကျင်ခံစားမှုမျိုး ကျွန်တော်တို့နိုင်ငံမှာ တွေ့ကြုံခံစားခဲ့ရဖူးပါတယ်။ မုန်တိုင်းကာလအလွန် ပြန်လည်ထူထောင်ရေးတွေကို အထိုက်အလျောက် လုပ်ကိုင်နိုင်သည့်တိုင် မုန်တိုင်းဒဏ်ခံပြည်သူများရဲ့ ပျက်စီးသွားတဲ့ စိတ်ဓာတ်ခွန်အားတွေ ပြန်လည်ရရှိဖို့ ဒီကနေ့အချိန်ထိ ကုစားမှုတွေလုပ်ဆောင်နေရဆဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလိုအဖြစ်အပျက်သင်ခန်းစာတွေကနေတစ်ဆင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့သဘာဝဘေးအန္တရာယ်တွေကို တုံ့ပြန်ရင်ဆိုင်နိုင်ဖို့ ဒေသတွင်း မဟာဗျူဟာတစ်ခုကိုနောင် ဆယ်စုနှစ် သုံးလေးခုစာလောက်မျှော်မှန်းပြီး ချမှတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကမ္ဘာလုံးချီတဲ့ ရာသီဥတုဆိုးရွားဖောက်ပြန်မှုတွေကို တုံ့ပြန်ရင်ဆိုင်ဖို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ကြတဲ့အခါ အာဆီယံနိုင်ငံတွေရဲ့ အသံ၊ အမြင်၊ ရပ်တည်ချက်တွေပါဝင်ဖို့ အတူတကွ ခိုင်ခိုင်မာမာ လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာ့လူသားများရဲ့ လူ့အခွင့်အရေးနဲ့ အေးချမ်းသာယာစွာရပ်တည်နေထိုင်ရေးကို အထူးခြိမ်းခြောက်လာတဲ့ ကိစ္စရပ်ကတော့ ကမ္ဘာလုံးချီအကြမ်းဖက်ဝါဒပဲ ဖြစ်ပါတယ်။ မကြာသေးမီက ကျွန်တော်တို့ မြန်မာနိုင်ငံကိုဦးတည်ခြိမ်းခြောက်ခဲ့မှုများဟာ သိပ်ပြီးစိုးရိမ်စရာမရှိသည့်တိုင် လုံခြုံရေးအသိသတိရှိရှိနဲ့ ကြိုတင်ကာကွယ်မှုများပြုလုပ်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကနေတစ်ဆင့် ရရှိလာတဲ့ဖြေလျှော့မှုများ၊ လျော့ပါးသွားတဲ့ကန့်သတ်ချက်များကနေ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းများကိုအလွဲသုံးပြီး ကိုယ်ကျိုးစီးပွားအတွက် အသုံးချမယ့်ကိစ္စရပ်များ၊ ခြိမ်းခြောက်မှုများကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေးအသွင်ဆောင်တဲ့ပဋိပက္ခများဟာလည်း ယခုလိုလုပ်ရပ်တွေကြောင့် ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။

နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုမလိုလားတဲ့ အဟန့်အတားပြုလိုတဲ့ အင်အားစုများကလည်း သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လာနိုင်တဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးအနေနဲ့ ဒီလိုကိစ္စရပ်များကို အသိရှိရှိ တုံ့ပြန်ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ နှစ်ပေါင်းရာနဲ့ချီပြီး မတူကွဲပြားမှုများကို နားလည်လက်ခံစည်းလုံးညီညွတ်စွာနေထိုင်လာခဲ့တဲ့ သမိုင်းကြောင်း အခိုင်အမာရှိခဲ့ပြီးဖြစ်ပါတယ်။

မျိုးနွယ်စုနဲ့ကိုးကွယ်ယုံကြည်မှုများ မည်သို့ပင်ကွဲပြားစေကာမူ အားလုံးမှာ တူညီတဲ့အချက်ကတော့ မြန်မာ့ရေမြေပေါ်မှာ ဒိုးတူပေါင်ဖက်နေထိုင်၊ လုပ်ကိုင်၊ စားသောက်ကြပြီး နိုင်ငံသားတိုင်းဟာ ကျွန်တော်တို့ ရဲ့ ပြည်ထောင်စုအပေါ်မှာ ချစ်ခင်ကြတဲ့စိတ်ပဲဖြစ်ပါတယ်။ ဒီစိတ်ဓာတ်တန်ဖိုးများကိုအခြေခံပြီးနိုင်ငံသားအချင်းချင်းအကြား စိတ်ဝမ်းကွဲပြားမှုများ မဖြစ်စေဖို့နဲ့ ဘေးပယောဂအဖျက်အမှောင့်များကို နားမယောင်ဘဲ ဆန့်ကျင်တုံ့ပြန်ကြရမှာဖြစ်ပါတယ်။ မိမိတို့အစိုးရအဖွဲ့၊ လွှတ်တော်များ ၊ တရားစီရင်ရေးအဖွဲ့များ၊ တပ်မတော်၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ နိုင်ငံသားအားလုံးက တစ်စိတ်တစ်ဝမ်းတည်း တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်အပြည့်အဝနဲ့လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အန္တရာယ်ကိုကာကွယ်တားဆီးရာမှာ ပူးပေါင်းပါဝင်ကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ။

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် နေ့ကျင်းပမှုကို လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့မှ အကြံပေးအရာရှိ ဦးချိန်ကောင်းရှင်း ခေါင်းဆောင်သည့် ကိုးကန့်တိုင်းရင်းသားများအား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဟော်ရှောက်ချန်း၊ ဦးကျော်နီနိုင်၊ ဦးစိုင်းမြင့်အေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမှတ်တရလက်ဆောင်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

**မိုးလေဝသ အခြေအနေ**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်နိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သော တရုတ် ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ယိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

# အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**ပုဂံ စက်တင်ဘာ ၃၀**

(၁၂)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် ပုဂံမြို့ရှိ The Aureum Palace Hotel ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ(ASCC) သဘာပတိ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး အစီအစဉ်အရ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC)သို့ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(SOCA) ၏ အစီရင်ခံစာ တင်ပြခြင်း၊ (၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအတွက် အစီအစဉ်မူကြမ်းတင်ပြခြင်း၊ ၂၀၁၄ ခုနှစ် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်ကို သုံးသပ်ခြင်း၊ ASCC ၏ ပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် အာဆီယံ အနုပညာပွဲတော် ၂၀၁၄ အတွက် ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတွင် အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဌာန ASEAN Institute For Green Economy (AIGE) ကို အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပံ့ပိုးပေးရန်၊ the Center of Excellence for Greening နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဆွေးနွေးခြင်း၊ (၁၃)ကြိမ်မြောက် ASCC အစည်းအဝေးအတွက် အချိန်နှင့် နေရာသတ်မှတ်ခြင်း၊ (၁၂) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ အစည်းအဝေးမှတ်တမ်းအကျဉ်းအား လက်ခံအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့်အာဆီယံအဆင့်မြင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး ပုဂံမြို့၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး (ASEAN Defence Ministers' Meeting Retreat) ကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက် အထိ ပုဂံမြို့ Aureum Palace Hotel ၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www. asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ ASEAN Defence Ministers' Meeting Retreat ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို ယနေ့မှစ၍ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၇ရက် မွန်းတည့် ၁၂ နာရီတွင် ပုဂံမြို့ အစည်းအဝေးကျင်းပမည့်နေရာ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက ကာကွယ်ရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၀၄၄၂၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်

**၃၀ စက်တင်ဘာ ၂၀၁၄**
**ပုဂံ မြန်မာ**

၁။ (၁၂)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပုဂံမြို့တွင် စက်တင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပခဲ့ပါသည်။ ရှေးဦးစွာ(၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေးကို ၂၀၁၄ စက်တင်ဘာ ၂၉ ရက် ပုဂံမြို့တွင် ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှ ဖွင့်လှစ်ခဲ့ပါသည်။ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ အခြေခံရည်မှန်းချက်များဖြစ်သော အာဆီယံဒေသတွင်းနေ ပြည်သူများ၏ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အေးအတူပူအမျှ ခံစားမည့် လူမှုအသိုက်အဝန်းကို ထူထောင်ရန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ပြည်သူများအကြား၊ စည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် တူညီသော အာဆီယံဒေသတစ်ခုအဖြစ် တည်ထောင်ရန်နှင့် အများပြည်သူတို့နှင့် ပူးပေါင်း၍ဆောင်ရွက်မည့် အာဆီယံ အသိုက်အဝန်းအဖြစ် ထူထောင်ရန်တို့အတွက် ပံ့ပိုးကူညီပေးရန်တို့ကို ထပ်မံပြောကြားသွားပါသည်။

၃။ ထို့အပြင် အာဆီယံသည် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကဏ္ဍမှ ပါဝင်ရေးပြောကြားပါသည်။မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် 'ရှေ့သို့တူညီတက်လှမ်း၍ ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီ' နှင့်အညီဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၅ လူထုအခြေပြု အာဆီယံ အသိုက်အဝန်းတစ်ခု ထူထောင်နိုင်ရေးနှင့် အာဆီယံဒေသတွင်းနေ ပြည်သူများအားလုံး တူညီသောရည်မှန်းချက်များဆီသို့ ချီတက်ကြရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

၄။ အာဆီယံဝန်ကြီးများသည် Plenary Session တွင် ASCC Working Group ၏ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံထောက်ခံချက်ဆွေးနွေးချက်များ၊ အာဆီယံ Organs နှင့် Streamline ပေါ်တွင် ပြန်လည်သုံးသပ်သော High Level Task Force အစည်းအဝေးထောက်ခံချက်များပါဝင်သော (၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးမှတင်သွင်းသည့် အစည်းအဝေးမှတ်တမ်းကို အသိအမှတ်ပြုပါသည်။

၅။ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် သတ်မှတ်ထားသော ဦးစားပေးကဏ္ဍများနှင့် ပတ်သက်၍လည်းကောင်း၊ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများနှင့် အောင်မြင်မှုများကို အာဆီယံဝန်ကြီးများက ဝမ်းမြောက်စွာ အသိအမှတ်ပြုပါသည်။ ဝန်ကြီးများသည် အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြ မြေပုံတွင်ပါရှိသော အာဆီယံလူမှုအသိုက်အဝန်း၏ မျှော်မှန်းချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ASCC Sectoral Bodies များ၏ vision statements နှင့် key elements များတင်သွင်းမှုကို အသိအမှတ်ပြုပါကြောင်း ပြောကြားပါသည်။

၆။ နေပြည်တော်တွင်ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များမှ အတည်ပြုပေးရန် သဘာဝဘေးအန္တရာယ်ဆိုးကျိုးများ လျှော့ချရေး၊ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ကဏ္ဍပေါင်းစုံပါဝင်ရေးသဘောတူညီချက်ကို ဝန်ကြီးများက ထောက်ခံကြပါသည်။

၇။ မြန်မာနိုင်ငံမှ အဆိုပြုသော ASEAN Institute for Green Economy (AIGE) တည်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးများက အသိအမှတ်ပြုပါသည်။

၈။ ၂၀၁၅ အာဆီယံမျှော်မှန်းချက်အတွက် အာဆီယံနိုင်ငံများမှ တင်သွင်းသော vision statement၊ key elements များနှင့်ပတ်သက်၍ အာဆီယံသဘော တူညီချက်နှင့် ကိုက်ညီသော ASCC Vision Statement နှင့် (Central Elements) ငါးခုကိုဝန်ကြီးများက သဘောတူညီပါသည်။ ၂၀၁၅ အာဆီယံမျှော်မှန်းချက်နှင့်ပတ်သက်၍ ASCC Vision Statement နှင့် (Central Elements) များကို ACC Working Group မှတစ်ဆင့် ဂျကာတာရှိ အမြဲတမ်းကိုယ်စားလှယ် ကော်မတီ (CPR)မှတစ်ဆင့် ASEAN Coordinating Council (ACC) သို့ တင်သွင်းမည်ဖြစ်ပါသည်။

၉။ ဆက်လက်၍ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကဏ္ဍအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ တင်သွင်းသော key elements များ၊ 9th SOC-COM, ASCC sectoral bodies များ၏ ဆောင်ရွက်မှုများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Core Statement နှင့် Central Elements များ တင်သွင်းနိုင်ရေး ဆောင်ရွက်ချက်တို့ကို ဝန်ကြီးများက အသိအမှတ်ပြုပါသည်။

၁၀။ နိဂုံးချုပ်အနေနှင့် ဝန်ကြီးများသည် မြန်မာနိုင်ငံ၏ 12th ASCC Council အစည်းအဝေးလက်ခံကျင်းပရာတွင် နွေးထွေးသော ဧည့်ဝတ်ကျေပွန်မှုနှင့် ကောင်းမွန်သောအစီအစဉ်တို့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

■ *ကျောဖုံးမှ*

ဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်တို့ကပင့်ဆောင်၍ လည်းကောင်း၊ ဒုတိယကိုယ်ပွားတော်မြတ်ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အေးဝင်း၊ ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးတို့ကပင့်ဆောင်၍ လည်းကောင်း၊ တတိယကိုယ်ပွားတော်မြတ်ကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူနှင့်ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ စတုတ္ထကိုယ်ပွားတော်မြတ်ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပင့်ဆောင်ကြသည်။

ဆက်လက်၍ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများ ဘော်ယာဉ်ဖြင့်ကြွချီရာ ဒေသခံပြည်သူများ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များက ဘော်ယာဉ်ကြိုးဆွဲ၍ ညောင်ရွှေမြို့တွင်းသို့ တစ်ပတ်လှည့်လည် အပူဇော်ခံကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ဖောင်တော်ပြန် ဧည့်ရိပ်သာသို့ ပြန်လည်ထွက်ခွာလာပြီး အင်းသားရိုးရာ လှေပြိုင်ပွဲအမျိုးသား ၄၆ တက် အကြိုဗိုလ်လု ပထမပွဲစဉ်အဖြစ် ကေလာကျေးရွာအသင်းနှင့် ဇရပ်ကြီးကျေးရွာအသင်း၊ အမျိုးသား ၄၆ တက် အကြိုဗိုလ်လု ဒုတိယပွဲစဉ်အဖြစ် ဝမ်းဘဲအင်းကျေးရွာအသင်းနှင့် ရေသာကုန်းကျေးရွာအသင်း၊ အမျိုးသားရာကျော်လှေ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ကေလာအုန်းပင်ကျေးရွာအသင်း နှင့် အိုင်ထောင့်ကြီး ကျေးရွာအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ရှေ့ဝကြီးကျေးရွာအသင်းနှင့် မင်းချောင်းရှေ့ရွာအသင်း၊ အမျိုးသမီး ၂၆ တက် ဗိုလ်လုပွဲစဉ်တွင် အိုင်ထောင့်ကြီး ကျေးရွာအသင်းနှင့် မိုင်းသောက်ကျေးရွာအသင်း၊ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲတွင် ပထမ/ဒုတိယပွဲစဉ်အဖြစ် ရွာသာကျေးရွာနှင့် အိုင်ထောင့်ကြီးကျေးရွာအသင်းတို့ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ဖောင်တော်ဦးမြတ်စွာဘုရားများကို ရွှေသက်န်း ဆက်ကပ်ပူဇော်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အီရတ်ကြည်းတပ်နှင့် အိုင်အက်စ်စစ်သွေးကြွများ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား အမေရိကန်တို့ လေကြောင်းမှ ပစ်ကူတိုက်ခိုက်မှုများပြုလုပ်

**နိုင်ငံတကာ သတင်း**



**ဝါရှင်တန် စက်တင်ဘာ ၃၀**

လေကြောင်း ပစ်ကူတိုက်ခိုက်မှုနှင့်အတူ အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များနှင့် အိုင်အက်စ်စစ်သွေးကြွများသည် ဘဂ္ဂဒက်အနောက်ဘက် မြို့တစ်မြို့၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။

စစ်သွေးကြွများက မြို့တော် ဘဂ္ဂဒက်သို့ ချီတက်လာစဉ် လေကြောင်းမှ ပစ်ကူတိုက်ခိုက်မှုနှင့်အတူ အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ထုတ်ရန် ကြိုးစားခဲ့ရာမှ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

အမာရီယာအယ်-ဖလူးဂျာမြို့သည် ဘဂ္ဂဒက်မှ ၂၅ မိုင်အကွာတွင်ရှိပြီး မဟာဗျူဟာကျသော မြို့ဖြစ်သည်။ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်တို့အား လေကြောင်းမှ တိုက်ခိုက်နေချိန် အဆိုပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ မြို့ပတ်ဝန်းကျင်တွင် သွားလာနိုင်ပြီဖြစ်သော်လည်း မြောက်ဘက် ဖလူးဂျာမြို့သို့ သွားရာလမ်းမကြီးကို ပိတ်ထားဆဲဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။

ယမန်နေ့ညက အန်ဘာပြည်နယ်ရှိ အိုင်အက်စ်တို့၏ အဓိက စခန်းများကိုလည်း အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ပင်တဂွန်က ပြောသည်။ ထိုစဉ်အတွင်း အိုင်အက်စ်တို့နှင့် ကာ့ဒ်တိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲဖြစ်၍ တူရကီပိုင်နက်အတွင်း အမြောက်ကျည် အချို့ကျရောက်သဖြင့် တူရကီက ဆီးရီးယားနယ်စပ် ကိုဘိန်းမြို့အနီး တောင်ကုန်းတစ်နေရာတွင် တင့်ကားများ ဖြန့်ကြက်ချထားလိုက်သည်။ အဆိုပါနယ်စပ်၌ ပြင်းထန်သော ပေါက်ကွဲမှုကြီးနှစ်ကြိမ်ကြားရကြောင်း ဘီဘီစီသတင်းထောက်မတ်လိုဗန်က နယ်စပ်မှ သတင်းပေးပို့သည်။

ဆီးရီးယားဘက်မှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ရာပေါင်းများစွာသော တူရကီကာ့ဒ်လူမျိုးများအား တူရကီရဲတပ်ဖွဲ့က ဟန့်တားထားကြောင်း ယူကေအခြေစိုက်ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ အိုင်အက်စ်စစ်သွေးကြွများသည် ပြီးခဲ့သည့်လက ထိုးစစ်ဆင်တိုက်ခိုက်မှုအပြီး ကိုဘိန်းမြို့အနီး ပတ်ဝန်းကျင် သုံးမိုင်အတွင်း ကျက်စားလှုပ်ရှားနေကြဆဲဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

# တူညီသောအချက်များကိုအခြေခံ၍ အနာဂတ်ကာလတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုစစ်ရေးပြတပ်ဖွဲ့မှ ကြိုဆိုခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယား တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား မော်တော်ယာဉ်ဖြင့် စစ်ဆေးစဉ်။** (မြဝတီ)

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိလာရာ ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff) ဖြစ်သူ Admiral Choi Yoon-hee နှင့် အရာရှိကြီးများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌနှင့်အတူ မော်တော်ယာဉ်ဖြင့် လိုက်လံစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff) Admiral Choi Yoon-hee နှင့် တွေ့ဆုံဆွေးနွေးသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပထဝီအနေအထားနှင့် တူညီသော သမိုင်းကြောင်းရှိသဖြင့် အနာဂတ်ကာလတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးခိုင်မာစေရန် အပြန်အလှန်ချစ်ကြည်ရေး အလည်အပတ်ခရီးများ အပြန်အလှန်စေလွှတ်ခြင်း၊ လေ့ကျင့်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်လုပ်ဆောင်လိုကြောင်း၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း ထောက်ခံပါကြောင်း ပြောကြားသည်။

ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ(Chairman of Joint Chiefs of Staff ) Admiral Choi Yoon- hee က ပြောကြားရာတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စစ်ဘက်ဆက်ဆံရေးသည် အရေးကြီးသော ပဏာမခြေလှမ်းဖြစ်သည်ဟု ထင်မြင်ယူဆကြောင်း၊ စစ်ဘက်ဆက်ဆံရေးမြှင့်တင်နိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr.Han Min-koo နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်း၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး မျက်နှာစာသစ်တစ်ရပ်ဖွင့်လှစ်နိုင်ခဲ့သည်ဟု ထင်မြင်ကြောင်း၊ မိမိတို့နိုင်ငံ ဖြတ်သန်းလာရသော သမိုင်းကြောင်းအရ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထူးအလေးထားကြောင်း၊ မိမိတို့၏ တူညီသောအချက်များကို အခြေခံ၍ အနာဂတ်ကာလတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာအရ အချက်အချာကျခြင်း၊ သယံဇာတအရင်းအမြစ်များစွာ ရှိခြင်းတို့ကြောင့် အာရှဒေသတွင် တိုးတက်ရန် အလားအလာများစွာရှိသော နိုင်ငံဖြစ်ကြောင်း၊ မိမိတို့သည် အာရှတိုက်သားများ ဖြစ်သည်နှင့် လျော်ညီစွာ ရုပ်ရည်သွင်ပြင် လက္ခဏာတူညီသည့်အပြင် အသိပညာလိုလားမှု၊ သူတစ်ပါးအား ကူညီလိုမှု အစရှိသည်တို့တွင်လည်း တူညီကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ တူညီသောသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ပထဝီအနေအထားအပေါ် မူတည်၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေသည့်အပေါ်တွင်လည်း နားလည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့ထုတ် Weekly Eleven News ဂျာနယ်ပါ " အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေက နိုင်ငံပိုင်မီဒီယာများကို သွယ်ဝိုက်သောအားဖြင့် ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးစားမှုပြုလုပ်ရန် ခွင့်ပြုနေသလား" ဟူသော မျက်နှာဖုံးသတင်းအတွင်း စာမျက်နှာတွင်"ပုံနှိပ်စက် သုံးလုံးကနေ ငါးလုံးအထိ (ပြန်ကြားရေး) က တင်ဒါခေါ်တယ်၊ အောင်ထားတယ်၊ အဲဒီပုံနှိပ်စက်တွေရဲ့ ဈေးနှုန်းကို ပြန်ကြည့်တဲ့အခါမှာ သတ်မှတ် ဈေးနှုန်းထက် ပိုနေတာတွေ တွေ့ပါတယ်။ ဥပမာအားဖြင့် စက်တစ်လုံးကို အမေရိကန်ဒေါ်လာရှစ်သိန်းဝန်းကျင်ပဲရှိတဲ့စက်ဟာ ပြန်ကြားရေးဝန်ကြီးဌာနမှ တင်ဒါအောင်ထားတဲ့ဈေးနှုန်းက အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြစ်နေတာမျိုးတွေပေါ့။ တချို့စက်တွေဆိုရင် အမေရိကန်ဒေါ်လာ လေးငါးသိန်းလောက်နဲ့ ပြီးရမယ့်စက်က ဒေါ်လာသန်းကျော်ဖြစ်နေတဲ့ အခါကျတော့ အဲ့ဒီကွာဟချက်မှာ ဘယ်လိုခြစားမှုတွေ/အလွဲသုံးစားမှုတွေ ရှိနေသလဲ" ဟု Daily Eleven သတင်းစာမှ အမှုဆောင်အယ်ဒီတာ နေထွန်းနိုင်၏ ပြောကြားချက်ကို ကိုးကားရေးထားသည်ကို တွေ့ရှိရပါသည်။

၂။ Eleven Media မှ အပတ်စဉ် Weekly Eleven News ဂျာနယ်တွင် ဖော်ပြခဲ့သော အထက်ပါ သတင်းကြောင့် ပြည်သူများအတွင်းတွင်လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင်လည်းကောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဂုဏ်သိက္ခာနှင့် လွှတ်တော်သို့တင်သွင်းထားသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေအပေါ် အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်လာစေနိုင်ပါသဖြင့် Weekly Eleven News ဂျာနယ်၏ ရေးသားချက်များ မှားယွင်းကြောင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာဖြင့် အစိုးရအဖွဲ့၏ တင်ဒါစည်းမျဉ်းများအတိုင်း ဆောင်ရွက်ခဲ့မှုအခြေအနေများအား ၆-၆-၂၀၁၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် အထောက်အထားများနှင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ သို့သော်ငြားလည်း ၇-၆-၂၀၁၄ ရက်နေ့ထုတ် The Daily Eleven သတင်းစာတွင် မှားယွင်းသော အချက်အလက်များကို ထပ်မံဖော်ပြပြီး အများပြည်သူက အမှန်ဟုထင်ယောင်ထင်မှားဖြစ်အောင် ထပ်မံဖော်ပြခဲ့ပါသည်။ အဆိုပါ မှားယွင်းဖော်ပြထားချက်များကို ပြင်ဆင်ဖော်ပြပေးရန် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှတစ်ဆင့် (၂)ကြိမ်ညှိနှိုင်းခဲ့သော်လည်း Eleven Media Group က ယင်းဖော်ပြချက်နှင့်ပတ်သက်၍ လုံးဝ(လုံးဝ) ပြင်ဆင်ပေးမည်မဟုတ်ကြောင်းနှင့် စာနယ်ဇင်းကောင်စီ(ယာယီ)နှင့်လည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြောင်းမရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်စက်ဈေးနှုန်းများအမှုကိစ္စကို သတင်းဆောင်းပါးရေးသားမှုနှင့် ပတ်သက်၍ မိမိတို့ Eleven Media Group အား ညှိနှိုင်းရန်ဖိတ်ခေါ်ခြင်း၊ စာပို့အကြောင်းကြားခြင်းများ ထပ်မံမပြုလုပ်ပါရန် မေတ္တာရပ်ခံကြောင်း Eleven Media ၏ ပြန်ကြားချက်ကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိပေးအကြောင်းကြားလာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှတစ်ဆင့် နည်းလမ်းတကျ ညှိနှိုင်းဖြေရှင်းမှုကို Eleven Media Group က လက်ခံခြင်းမရှိသည့်အပြင် ဆင့်ကဲဆင့်ကဲ စွပ်စွဲရေးသားဖော်ပြမှုများ ပြုမူဆောင်ရွက်လာပါသည်။ အဆိုပါဖြစ်စဉ်များအရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိခိုက်စေလိုသည့် ဆန္ဒမရှိဘဲ Eleven Media Group မှ ထုတ်ဝေသော သတင်းစာ/ဂျာနယ်တို့၏ ဖော်ပြချက်များသည် ဌာနမှ ဝန်ထမ်းများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း၊ ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်အတွင်းမှ တရားမျှတမှုကို ရယူလိုပါသဖြင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**နေပြည်တော်**
**ကြေညာချက်**

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၁၇-၈-၂၀၁၆ ရက်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိအဆင့်(၄) ရာထူးအရည်အချင်းစစ် ရေးဖြေစာမေးပွဲအောင်စာရင်းနှင့် လူတွေ့စစ်ဆေးခံရမည့်နေ့ရက်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | လူတွေ့စစ်ဆေးခံရမည့်ရက် | ခုံအမှတ် | | | |
|---|---|---|---|---|---|
| ၁။ | ၁၅-၁၀-၂၀၁၆ | မတလ-၅ | မတလ-၆ | မတလ-၇ | မတလ-၁၂ |
| | (ဗုဒ္ဓဟူးနေ့) | မတလ-၁၃ | မတလ-၂၂ | မတလ-၂၃ | မတလ-၃၂ |
| | | မတလ-၃၉ | မတလ-၄၁ | မတလ-၈၂ | မတလ-၁၀၇ |
| | | မတလ-၁၁၃ | မတလ-၁၁၈ | မတလ-၁၂၃ | မတလ-၁၃၈ |
| | | မတလ-၁၄၈ | မတလ-၂၁၂ | မတလ-၂၁၉ | မတလ-၂၇၁ |
| | | မတလ-၂၇၂ | မတလ-၂၇၅ | မတလ-၂၇၆ | မတလ-၂၇၈ |
| | | မတလ-၂၉၂ | မတလ-၂၉၈ | မတလ-၃၁၁ | မတလ-၃၁၇ |
| | | မတလ-၃၅၂ | မတလ-၃၆၁ | မတလ-၃၆၉ | မတလ-၃၇၁ |
| | | မတလ-၃၈၇ | မတလ-၄၀၆ | မတလ-၄၀၇ | မတလ-၄၂၅ |
| | | မတလ-၄၂၇ | မတလ-၄၃၁ | မတလ-၄၄၂ | မတလ-၄၅၅ |
| ၂။ | ၁၆-၁၀-၂၀၁၆ | မတလ-၄၇၆ | မတလ-၄၉၆ | မတလ-၅၁၆ | မတလ-၅၁၇ |
| | (ကြာသပတေးနေ့) | မတလ-၅၁၈ | မတလ-၅၂၄ | မတလ-၅၂၅ | မတလ-၅၅၃ |
| | | မတလ-၅၅၄ | မတလ-၅၅၆ | မတလ-၅၆၂ | မတလ-၅၆၃ |
| | | မတလ-၅၆၈ | မတလ-၅၇၅ | မတလ-၅၈၀ | မတလ-၅၈၂ |
| | | မတလ-၆၀၀ | မတလ-၆၁၅ | မတလ-၆၁၇ | မတလ-၆၂၁ |
| | | မတလ-၆၂၈ | မတလ-၆၂၉ | မတလ-၆၄၂ | မတလ-၆၅၄ |
| | | မတလ-၆၇၆ | မတလ-၆၇၉ | မတလ-၆၈၆ | မတလ-၇၁၈ |
| | | မတလ-၇၄၆ | မတလ-၇၈၁ | မတလ-၇၉၇ | မတလ-၈၂၃ |
| | | မတလ-၈၇၅ | မတလ-၉၀၅ | မတလ-၉၀၆ | မတလ-၉၁၆ |
| | | မတလ-၉၂၉ | မတလ-၉၄၇ | မတလ-၉၄၈ | မတလ-၉၇၆ |
| ၃။ | ၁၇-၁၀-၂၀၁၆ | မတလ-၉၈၄ | မတလ-၁၀၀၇ | မတလ-၁၀၁၅ | မတလ-၁၀၁၇ |
| | (သောကြာနေ့) | မတလ-၁၀၂၂ | မတလ-၁၀၂၅ | မတလ-၁၀၃၃ | မတလ-၁၀၃၅ |
| | | မတလ-၁၀၃၇ | မတလ-၁၀၃၈ | မတလ-၁၀၃၉ | မတလ-၁၀၄၁ |
| | | မတလ-၁၀၄၆ | မတလ-၁၀၅၄ | မတလ-၁၀၆၅ | မတလ-၁၀၆၈ |
| | | မတလ-၁၀၉၆ | မတလ-၁၁၁၅ | မတလ-၁၁၂၁ | မတလ-၁၁၂၅ |
| | | မတလ-၁၁၆၁ | မတလ-၁၁၇၅ | မတလ-၁၁၉၃ | မတလ-၁၂၂၉ |
| | | ရက-၁၉ | ရက-၂၀ | ရက-၄၁ | ရက-၄၅ |
| | | ရက-၄၇ | ရက-၅၁ | ရက-၅၂ | ရက-၅၃ |
| | | ရက-၉၃ | ရက-၁၀၀ | ရက-၁၀၃ | ရက-၁၁၁ |
| | | ရက-၁၁၂ | ရက-၁၂၃ | ရက-၁၂၇ | ရက-၁၅၂ |
| ၄။ | ၁၈-၁၀-၂၀၁၆ | ရက-၁၅၈ | ရက-၁၆၁ | ရက-၁၇၈ | ရက-၁၈၂ |
| | (စနေနေ့) | ရက-၁၈၈ | ရက-၂၂၉ | ရက-၂၄၉ | ရက-၂၈၇ |
| | | ရက-၃၁၃ | ရက-၃၃၁ | ရက-၃၄၉ | ရက-၃၆၉ |
| | | ရက-၃၇၀ | ရက-၃၇၇ | ရက-၃၇၈ | ရက-၃၈၂ |
| | | ရက-၃၈၄ | ရက-၃၈၅ | ရက-၃၉၃ | ရက-၃၉၅ |
| | | ရက-၃၉၉ | ရက-၄၀၀ | ရက-၄၁၂ | ရက-၄၂၄ |
| | | ရက-၄၅၅ | ရက-၄၅၇ | ရက-၄၅၈ | ရက-၄၈၇ |
| | | ရက-၄၉၁ | ရက-၄၉၂ | ရက-၄၉၃ | ရက-၄၉၅ |
| | | ရက-၅၁၇ | ရက-၅၁၉ | ရက-၅၆၃ | ရက-၅၆၅ |
| | | ရက-၆၆၉ | ရက-၆၈၂ | ရက-၆၉၀ | ရက-၆၉၃ |
| | | ရက-၆၉၅ | ရက-၆၉၇ | ရက-၇၀၀ | ရက-၇၄၂ |
| | | ရက-၇၆၀ | | | |
| ၅။ | ၂၀-၁၀-၂၀၁၆ | ရက-၇၆၈ | ရက-၇၆၉ | ရက-၇၈၁ | ရက-၇၈၇ |
| | (တနင်္လာနေ့) | ရက-၇၉၇ | ရက-၈၁၂ | ရက-၈၃၁ | ရက-၈၄၆ |
| | | ရက-၈၅၅ | ရက-၈၆၁ | ရက-၉၁၂ | ရက-၉၇၂ |
| | | ရက-၉၉၁ | ရက-၁၀၀၃ | ရက-၁၀၁၂ | ရက-၁၀၂၀ |
| | | ရက-၁၀၂၄ | ရက-၁၀၂၉ | ရက-၁၀၃၁ | ရက-၁၀၃၅ |
| | | ရက-၁၀၅၃ | ရက-၁၀၅၆ | ရက-၁၁၀၀ | ရက-၁၁၀၈ |
| | | ရက-၁၁၁၁ | ရက-၁၁၂၄ | ရက-၁၁၂၈ | ရက-၁၁၃၃ |
| | | ရက-၁၁၃၅ | ရက-၁၁၃၈ | ရက-၁၁၄၀ | ရက-၁၁၆၉ |
| | | ရက-၁၁၇၄ | ရက-၁၁၉၃ | ရက-၁၂၀၃ | ရက-၁၂၀၄ |
| | | ရက-၁၂၇၇ | ရက-၁၃၀၁ | ရက-၁၃၀၅ | ရက-၁၃၁၂ |
| | | ရက-၁၃၁၄ | ရက-၁၃၃၂ | | |

၂။ အထက်ဖော်ပြပါ ဥပဒေအရာရှိအဆင့်(၄) ရာထူးအရည်အချင်းစစ်ဆေး ရေးဖြေစာမေးပွဲအောင်မြင်သူများသည် လူတွေ့စစ်ဆေးမှုခံယူရန်နှင့် စိတ်အခြေ အနေစစ်ဆေးမှုခံယူရန် မိမိတို့ဖြေဆိုရမည့် ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး (နေပြည်တော်) ရုံးအမှတ်(၂၅)၊ စီမံရေးရာဌာန၊ ဝန်ထမ်းရေးရာနှင့်စစ်ဆေးရေးဌာနခွဲသို့ ဥပဒေဘွဲ့/မဟာဘွဲ့ လက်မှတ်(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့ကိုယူဆောင်၍ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

ဆောင်းပါး

# ဆည်းဆာချိန်ခါ

■ တက္ကသိုလ်လှမောင်(ရေတာရှည်)

နေဝင်ဆည်းဆာ အချိန်ခါလေးဟာ ကြည်နူးလွမ်းဆွတ်ဖွယ် ကောင်းလှပါတယ်။ နေမင်းကြီးက တစ်နေ့တာတာဝန်ထမ်းဆောင်ခဲ့ပြီး နှုတ်ဆက်ခွဲခွာ သွားတော့မယ်။ သစ်ပင်အရိပ်တို့လည်း ရှည်လျားလာပြီ၊ အရိပ်တို့ ရှည်လျားခဲ့သလို ဘဝဖြတ်သန်းခဲ့ရမှုတို့လည်း ရှည်လျားထွေပြားခဲ့ပြီ၊ နေမင်းကြီးကျဆင်းသွားပြီ၊ မကြာခင် ပျောက်ကွယ်တော့မယ်။ သက်ကြီးရွယ်အိုတို့လည်း ဘဝပျောက်ကွယ်ချိန်နီးနေလေပြီ။

သို့သော်လည်း ဆည်းဆာချိန်ခါလေးက လှပနေတယ်။ ညနေလေပြည်လေးသွေးနေ့နေတယ်။ လေညင်းလေး ဘယ်လောက်ငြိမ်းချမ်းလိုက်သလဲ။ လူအိုတို့ဘဝငြိမ်းအေးငြိမ်သက်လှတယ်။ ငြိမ်းအေးခြင်းအရည်အသွေးတို့ ပြည့်နှက်နေပါပြီရောလား။ ရိုးသားမှုတွေ၊ ရောင့်ရဲမှုတွေ၊ ထိန်းချုပ်မှုတွေ၊ စောင့်ထိန်းမှုအသိတရားတွေ၊ အတွေးအကြံတို့၊သည်းခံနိုင်မှု၊ ချစ်ခြင်းမေတ္တာတရား၊ ကြင်နာသနားစိတ်၊ ရုပ်နာမ်သဘာဝ သိတတ်နေမှုများက ဘဝနေညိုသူတို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အလှတရားတွေဖြစ်နေပါတယ်။ ငယ်စဉ်ကလို ထောင်လွှားတက်ကြွမှုတွေမတွေ့ရတော့ ဘယ်လောက်တန်ဖိုးကြီးလိုက်လေသလဲ။

သက်ကြီးရွယ်အိုဆိုတာ ဘဝကိုရှည်လျားစွာ ဖြတ်သန်းလာသူများပါ။ ဘဝမျိုးစုံကြုံခဲ့ဖူးတယ်။ သူ့အဆင့်နဲ့သူ အရောင်အလင်းလေးတွေ ထွန်းညှိခဲ့တယ်။ နေမင်းကြီးဟာ ထွက်ပြူစမှာ အရုဏ်ဦးလင်းရောင်ခြည်လေးတွေ လွှတ်ပို့ခဲ့တယ်။ နေ့လယ် မွန်းတည့်ချိန် နေမင်းကြီးအားနဲ့ မာန်နဲ့ တောက်ပနေတာလည်း အားကျဖွယ်အလှပါပဲ။ အနောက်ဂေါ်ရာကျွန်းဝင်ခါနီး နေမင်းကြီးရဲ့ ဆည်းဆာချိန်အလှဟာလည်း တည်တည်ငြိမ်ငြိမ်နဲ့ လောကကြီးကိုနှုတ်ဆက်ရင်း လှရောင်ခြည်တွေ ပို့လွှတ်ကွန့်မြူးနေတာဟာလည်း မမေ့နိုင်စရာပါပဲ။ သက်ကြီးရွယ်အိုတို့ဖြတ်သန်းခဲ့ရာ ဘဝလမ်းတစ်လျှောက်ကို ပြန်ကြည့်ရင်လည်း မျိုးဆက်သစ်ကလေးတွေအတွက် သင်ခန်းစာ လှလှလေးတွေချည့်ပါပဲ။ ဘဝနေဝင်ချိန်မှာတော့ သူ့ရဲ့ဆည်းဆာချိန်အလှလေးနဲ့လောကကြီးကို နှုတ်ဆက်နေပါပြီ။ သူကိုယ်တိုင်လည်း သူ့ဆည်းဆာချိန်အလှလေးကို မြင်နေမိပါပြီ။ ဒီအချိန်မှာ စိတ်ကလေးသန့်စင်ကြည်လင်စွာနဲ့ ဘဝလွတ်မြောက်ရေးကို သူကိုယ်တိုင် ကြိုးစားရတော့မှာပါလား။

ကိုယ့်ရဲ့အလှ ကိုယ့်ရဲ့ဘဝလေးကိုသိနေဖို့လိုပါတယ်။ သက်ကြီးရွယ်အိုချိန်ခါမှာ လောဘ၊ ဒေါသ၊ မောဟ၊ကိလေသာတွေလျော့ပါးကုန်ပြီ။ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမက လူအိုတို့ဘဝကို ကြွေးကြော်ရင့်ကျူးခဲ့တယ်။ အရွယ်အိုခန်းဝသို့လှမ်းကြွလို့ အဝင်မှာတဲ့၊ အသက်အရွယ်အိုမင်းလာလျှင် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာတရားတွေလည်းပါးလျားလာပြီတဲ့၊ အာရုံခံစားမှုတွေလည်း အားနည်းလာပြီ၊ ငယ်စဉ်ကလို ယောက်ယက်ခတ်မှု ပူပင်သောကတွေကင်းဝေးပြီး စိတ်ကလေးတည်ငြိမ်အေးချမ်းလာပြီဖြစ်တဲ့အတွက် ဤအရှင်ကတော့ အိုရခြင်းကိုပဲ ဝမ်းသာနေမိပါတော့တယ်၊ “ကိုင်း-ပျော်ပျော်ကြီး အိုလိုက်ကြဦးစို့ရဲ့”တဲ့။

လူအိုတို့ရဲ့ ဘဝအလှကို သိမြင်လိုက်တဲ့အခါမှာ သက်ကြီးသူတို့ ယောက်ယက်ခတ်မှု ပူပန်မှုတွေကို လွှင့်ထုတ်ပစ်နိုင်ပါလိမ့်မယ်။ ကိုယ့်ဘဝကိုယ်သိဖို့ ကိုယ့်ဘဝကိုကြည့်တတ်ဖို့လိုပါတယ်။ ဒီအခါမှာစိတ်အေးချမ်းသာစွာနဲ့ ပူပင်ကြောင့်ကြမရှိ နေနိုင်လာပါလိမ့်မယ်။

ဒီတော့ အဘိုးအဘွားတို့ အပိုင်းကတော့ ကိုယ့်စိတ်ကလေးတွေကိုယ် ပူပန်သောကတွေ လျော့နည်းလို့ စိတ်ကလေးသန့်ရှင်းကြည်လင်အောင်နေနိုင်ကြပါပြီ။ ကိုယ့်ဘဝကိုယ်မြင်လာတဲ့အခါ ကိုယ့်တန်ဖိုးကိုယ် သိလာပါတယ်။ ကုသိုလ်စိတ်ကလေးတွေနဲ့ ရှင်သန်လာပါတယ်။ ဘိုးဘွားရိပ်သာတွေမှာ နိဗ္ဗာန်တံခါးဝကို ရောက်နေသလိုချမ်းမြေ့နေကြပါပြီ။ အဘိုးအဘွားများကို ထောက်ကူပံ့ပိုးမည့်သူများဘက်က သဒ္ဓါတရားတွေ ထက်သန်လာကြဖို့ပဲ လိုအပ်ပါတယ်။

ဘိုးဘွားများဟာ ကျွန်တော်တို့ရဲ့ မိဘများသာဖြစ်ပါတယ်။ မြတ်ဘုရားက သံသရာတွင် တစ်ဦးနှင့်တစ်ဦး ဆွေမျိုးမတော်စပ်ခဲ့သူမရှိဟုဆိုပါတယ်။ အဘိုးအဘွားများဟာ မိရင်းဖရင်း ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ဘဝတော်စပ်ခဲ့လေသလဲမသိ။ သေချာတာကတော့ မိရင်းဖရင်းများ တော်စပ်ခဲ့ကြသည်ဆိုတဲ့ အချက်ပင်ပါတယ်။ နကုလပီတာနှင့် နကုလမာတာတို့ဟာ မြတ်ဘုရား၏ မိစုံဖစုံများအဖြစ် ဘဝငါးရာတော်စပ်ခဲ့တယ်။ မိခင်ရင်းအနေနဲ့ ဘဝငါးရာ၊ ဖခင်ရင်းအနေနဲ့ ဘဝငါးရာတော်စပ်ခဲ့တာ ဟောကြားခဲ့ပါတယ်။

ဒီတော့ အဘိုးအဘွားမှန်သမျှ သက်ကြီးရွယ်အိုမှန်သမျှကို ကျွန်ုပ်တို့ရဲ့ မိရင်းဖရင်းများကဲ့သို့ မှတ်ယူပြုစုစောင့်ရှောက်ရပါတယ်။ မိဘဘိုးဘွားများ ကျေးဇူးဆပ်ရာတွင် တရားဖြင့်ပေးဆပ်ခြင်းသည် အမြင့်မြတ်ဆုံးဖြစ်ပါတယ်။ သီလမရှိသူ ဘိုးဘွားများကို သီလစောင့်ထိန်းနိုင်အောင်၊ ဒါနမရှိသောဘိုးဘွားများကို ပေးကမ်းစွန့်ကြဲနိုင်အောင်၊ ဝိပဿနာဘာဝနာလုပ်ငန်းများ မလုပ်နိုင်သူများကို လုပ်ကိုင်ကျင့်ပွားနိုင်အောင်၊ ကုသိုလ်ကင်းဝေးနေသူများကို ကုသိုလ်စိတ်ကလေးများ ထုံမွှမ်းနေနိုင်အောင် ဆောင်ရွက်ပေးကြရပါမယ်။ ထောက်ပံ့ပေးကြရပါမယ်။ ဘိုးဘွားများ စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် ဘဝနေဝင်ချိန်လေးများ ရွှန်းလဲ့တောက်ပနေအောင် ဘက်စုံကူညီသွားရမှာ ဖြစ်ပါတယ်။

ဘိုးဘွားရိပ်သာများတွင် ဘိုးဘွားထောင်ဂဏန်းမျှ သာခိုလှုံနိုင်ကြပါသေးတယ်။ တစ်နိုင်ငံလုံး ဘိုးဘွားဦးရေမှာ လေးသန်းကျော်ခန့် ရှိနေတယ်လို့သိရပါတယ်။ ခိုကိုးရာမဲ့ ဆင်းရဲဒုက္ခရောက်နေသော အဘိုးအဘွားများမည်မျှ ရှိနေမည်နည်း၊ ထိုဘိုးဘွားများအတွက် ကူညီပံ့ပိုးမှု များ အထူးလိုအပ်နေမည်သာ ဖြစ်ပါတယ်။

ဒုက္ခရောက်သူများကယ်တင်ရေး ကူညီထောက်ပံ့ရေး အတွက် လူသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဘဝတစ်လျှောက် ထွန်းတောက်အလင်းရောင်ပေးခဲ့သော ဘိုးဘွားများကို ကျေးဇူးဆပ်ရပါမယ်။ နေမင်းကြီးဟာ နံနက်အရုဏ်ဦးမှာ နွေးထွေးသော လင်းရောင်ခြည်လေးများ ပို့လွှတ်ဖျန်းပက်ပေးပါတယ်။ နေမင်း၏နေ့ခင်းအလင်းရောင်ကလည်း လောကတစ်ခွင်လုံး အကျိုးဆောင်ပါတယ်။ ညနေနေဝင်ဆည်းဆာ ရောင်ခြည်ဖြာလို့လည်း နှုတ်ဆက်ပါသေးတယ်။ ဘဝနေညိုချိန်မှာ အဘိုးအဘွားတို့လည်း နွေးထွေးသောမေတ္တာဓာတ် ဖြန့်ကြက်ပို့လွှတ်ရင်း နှုတ်ဆက်နေကြပေပြီ။ သူတို့ဆီအရောက်သွားလို့ သူတို့လိုအပ်တာလေးတွေကို ကူညီထောက်ပံ့ကြပါစို့၊ အိမ်တိုင်ရာရောက် အကူအညီများပေးကြပါစို့။

ဘိုးဘွားများစောင့်ရှောက်ခြင်းဟာ မြန်မာတို့၏ ယဉ်ကျေးမှုစစ်စစ်ဖြစ်ပါတယ်။ မြန်မာ့မိသားစု ဖွဲ့စည်းပုံမှာပင် အဘိုးအဘွားများနှင့် တစ်အိမ်တည်းတွင် စုပေါင်းညီညာစည်းလုံးစွာဖြင့်နေခဲ့ကြပါတယ်။ အဘိုးအဘွားများကို အနီးကပ် ပြုစုစောင့်ရှောက်ခြင်းသည်ပင် မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှု ဖြစ်နေပါတယ်။ ကြီးသူကို ရိုသေခြင်းသည် မြန်မာတို့၏ မင်္ဂလာတရား ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂကြီးကလည်း နှစ်စဉ်အောက်တိုဘာလ (၁)ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”** ဆိုပြီးသတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံများက အခမ်းအနားများကျင်းပကာ သက်ကြီးရွယ်အိုထောက်ပံ့ရေးများဆောင်ရွက်ကြပါတယ်။

အိုခြင်းတရားမည်သူမျှ ရှောင်လွှဲ၍မရပါ။ သင်လည်း ဤသို့အိုရအံ့ဆိုသလို အိုချိန်ရောက်ခါ အိုရမည်သာဖြစ်ပါတယ်။ မအိုချင်၍မရပါ။ လူအိုဘဝရောက်တဲ့အခါ စွမ်းဆောင်နိုင်အားတွေမရှိတော့။ယုတ်လျော့ကုန်ပြီ။ တက်ကြွမှုတွေမရှိတော့။ အဲဒီလို အချိန်အခါမျိုးတွင်အကူအညီ အထောက်အပံ့များစွာ လိုအပ်နေပါတယ်။ ဘိုးဘွားရိပ်သာများတည်ဆောက်ပြီး စောင့်ရှောက်ကြတယ်၊ အိမ်တိုင်ရာရောက်သွားရောက်အကူအညီပေးကြတယ်၊ အားနည်းသူများကို ဖေးမကူတဲ့ ကျွန်တော်တို့ရဲ့ အဖိုးမဖြတ်နိုင်သော အစဉ်အလာပင်တည်း။ လောကကြီးမှာ ကြီးနိုင် ငယ်ညှဉ်း မတရားမှုခင်းများ ကင်းပျောက်ပါစေသတည်း ဟု ရင်မှဆုတွေ တောင်းနေမိတယ်။

လူတိုင်းဘဝနေညိုချိန်ရောက်ကြမှာပါ။ လူတိုင်းချုပ်ကွယ်ပျောက်ဆုံးသွားကြရမှာပါ။ လာတုန်းကလည်း တစ်ယောက်တည်းပဲ၊ ထွက်ခွာသွားတော့လည်း တစ်ယောက်တည်းပဲထွက်ခွာသွားရမှာပါ။ မထွက်ခွာခင်ချိန်လေးမှ သနားကရုဏာမေတ္တာပွားလျက် အားနည်းသူများကို စောင့်ရှောက်နိုင်ပါစေသတည်းဟု **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”** ကို ဂုဏ်ပြုရင်းဆန္ဒပြုလိုက်ရပါတယ်။ ။

# ဒီမိုကရက်တစ် ရဲလုပ်ငန်းနှင့် မြန်မာ့ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု(၂)

ထက်ခေါင်

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့အထိ ဖဆပလအစိုးရခေတ်ဖြစ်ပြီး ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ရဲအဖွဲ့ကိုလည်း ယခင်အတိုင်း မြို့ပြရဲအဖွဲ့၊ ရန်ကုန်ရဲအဖွဲ့နှင့် ပြည်ထောင်စုရဲတပ်ရင်းများဟုပင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (Interpol) (အင်တာပိုလ်)သို့ ၁၉၅၄ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။

**ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် ရဲတပ်ဖွဲ့အပေါ် ရှုမြင်သုံးသပ်ချက်များ (ပါလီမန်ဒီမိုကရေစီခေတ်)**

ထိုစဉ်က တာဝန်ရှိသူများက ရဲအဖွဲ့ကြီး၏ ရာဇဝင်နှင့် ဖွဲ့စည်းပုံကို အသေးစိတ်လေ့လာပြီးနောက် ရဲအဖွဲ့စနစ်ချို့ယွင်းချက်များကို အကြမ်းအားဖြင့် အောက်ပါအတိုင်း ပြန်လည်သုံးသပ်ခဲ့သည်-

(က) ဗဟိုမှ လုံးဝချုပ်ကိုင်ထားသော (Centralized Police Force) ရဲအဖွဲ့ဖြစ်ခြင်းကြောင့်
- (၁) ပြည်သူလူထုအတွင်းတွင် မရှိခြင်း။
- (၂) ပြည်သူလူထုအတွင်းမှ ပြည်သူ့သဘောကို မယူခြင်း။
- (၃) ပြည်သူလူထု၏အကြံကို မနာခံခြင်း။
- (၄) ပြည်သူလူထု၏အင်အားကို အားမကိုးခြင်း။

ထို့ကြောင့်လက်ရှိရဲအဖွဲ့ သည် ပြည်သူလူထုနှင့် တစ်ပြေးတည်းအလုပ်မလုပ်နိုင်ခြင်းကို တွေ့ရသည်။ ရဲအဖွဲ့သည် အမြင်အားဖြင့်သော်လည်းကောင်း၊ အလုပ်အကိုင်အားဖြင့်သော်လည်းကောင်း၊ တစ်မျိုးတစ်စားဖြစ်လာခြင်းအတွက် လူထုနှင့်ကင်းကွာလာပေသည်။ လူထု၏အမြင်တွင်လည်း ရဲအဖွဲ့သည်"Symbol of Power"အာဏာရှင်ယောင်ယောင်ဖြစ်နေခြင်းအားဖြင့် အစိုးရ၏သိက္ခာကိုပင် တစ်နည်းအားဖြင့် ထိပါးလာပေသည်။

(ခ) အောက်ဖော်ပြပါ ရဲအဖွဲ့၏ တာဝန်ဝတ္တရားများဆောင်ရွက်ရာတွင်လည်း လူထုအမြင်တွင် လူထုအပေါ် (Repressive) ချုပ်ချယ်ဖိနှိပ်မှု ပြုလုပ်ခြင်းဟူ၍ ယူဆကြပေသည်-
- (၁) ဆင်တူဝတ်စုံ (Uniform)ဝတ် ရဲအဖွဲ့ဝင်က ပြစ်မှုကျူးလွန်သူကိုဖမ်းဆီးပြီး ရဲဌာနအချုပ်သို့ ခေါ်ဆောင်သွားခြင်းကိစ္စ။
- (၂) ဆင်တူဝတ်စုံဝတ် ရဲအဖွဲ့ဝင်က ဖြစ်ပွားသောရာဇဝတ်ပြစ်မှုများကို စစ်ဆေးခြင်းကိစ္စ။
- (၃) ဆင်တူဝတ်စုံဝတ်ရဲအဖွဲ့က အဆိုပါအမှုကို တရားရုံးသို့ တင်ပို့၍ တရားရုံးတွင် အစိုးရဘက်မှ လိုက်လံတရားစွဲသောကိစ္စ။ (ထိုစဉ်ကာလက ရဲတပ်ဖွဲ့သည် အမှုလိုက် တာဝန်ကို ပါယူရသည်)

ရဲတပ်ဖွဲ့သည် လက်ရှိဥပဒေများအရ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရခြင်း၊ အမှုစစ်ဆေးရခြင်းနှင့် တရားရုံးတင် တရားစွဲဆိုရခြင်းဟူသော ရဲလုပ်ငန်းသုံးရပ်ကို ပြုလုပ်ရသည်။ ဤလုပ်ငန်းများအနက်-

(က) ပထမလုပ်ငန်းဖြစ်သော ဖမ်းဆီးခြင်းကိစ္စရပ်များတွင် ဆင်တူဝတ်စုံမဝတ်သော ရဲအဖွဲ့ဝင်ကသာ ဖမ်းဆီးရန်သင့်သည်ဟူသော (Concept)အမြင်ကို အချို့သော နိုင်ငံများက ကျင့်သုံးကြသည်။

(ခ) ဒုတိယလုပ်ငန်းဖြစ်သော ရာဇဝတ်မှုများ စစ်ဆေးခြင်းကိစ္စတွင်လည်း စဉ်းစားရန် နှစ်ချက်ရှိပါသည်-
- (၁) ဆင်တူဝတ်စုံဝတ်ရဲက အမှုကို စုံစမ်းသင့် မသင့် သို့မဟုတ် အရပ်ဝတ်အရပ်စားရဲကပင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် သင့်မသင့်၊
- (၂) ရဲအဖွဲ့ဝင်များသည် အမှုပေါ်လိုသော ဆန္ဒကောင်းဖြင့် ရိုက်နှက်ခြင်း၊ ညှဉ်းပန်းခြင်းများကို ပြုလုပ်တတ်ကြရာ အမှုဆင်ခြင်း၊ အမှုဖျက်ခြင်း အစရှိသော စက်ဆုတ်ရွံရှာဖွယ်ကောင်းသော ပြုမူချက်ကြောင့် လူထု၏အမြင်တွင် ရဲအဖွဲ့ကို ယုံကြည်အားကိုးမှုနည်းလာခြင်း၊

(ဂ) တတိယလုပ်ငန်းဖြစ်သည့် တရားစွဲဆိုရေးကိစ္စတွင်လည်း လူထုအမြင်၌ ရဲသည်မှန်သည့်အကြောင်းကိစ္စများနှင့်အတူ မမှန်သည့်ကိစ္စများပါ လုပ်တတ်ခြင်းကြောင့် ဤလုပ်ငန်းကို ရဲအဖွဲ့မှဆောင်ရွက်သည့်အခါ ရဲအဖွဲ့အပေါ် နဂိုကမုန်းနေသောစိတ်များပို၍ပင် များပြားလာခြင်းကို တွေ့ရပေသည်။ ရဲအဖွဲ့အပေါ် လူထုပင်မက အခြားအစိုးရဌာနများကပင် အထင်အမြင်လွဲပြီး မုန်းတီးလာသော လုပ်ငန်းတစ်ခုမှာ ရဲအဖွဲ့အား အခြားဌာနဆိုင်ရာလုပ်ငန်းရပ်များ၏ ဥပဒေများတွင် (Execute)လုပ်ကိုင်ရန် အာဏာပေးထားသော အချက်ပင်ဖြစ်ပါသည်။ ဥပမာအားဖြင့်ဆိုသော် Excise Act, Opium Act, Forest Act, Municipal Act များအရ ရဲအဖွဲ့သည် ကိုယ်တိုင်ဝင်ရောက်အရေးယူနိုင်ခွင့်ရှိပါသည်။ တစ်မျိုးအားဖြင့်ဆိုသော် အခြားအစိုးရဌာနများ၏ လုပ်ငန်း (Functions) တွင် ဝင်ရောက်ကူညီခြင်းထက် ဝင်ရောက်စွက်ဖက်ခြင်းသဘောသက်ရောက်နေပါသည်။

အရေးကြီးဆုံးချို့ယွင်းချက်တစ်ခုမှာ အထက်ဖော်ပြပါအာဏာများကို ရဲအဖွဲ့သို့ အပ်နှင်းထားသည့်အပြင် သောင်းကျန်းသူများကို နှိမ်နင်းရေးတွင်လက်နက်များ တပ်ဆင်ပေးပြီး စစ်သဘောဆန်ဆန် (Regimentation) အသုံးပြုခြင်းပင်ဖြစ်သည်။ ဤသို့လက်နက်များ တပ်ဆင်ပေးခြင်းအားဖြင့် ရဲအဖွဲ့သည် လက်နက်ကိုင်တပ် တစ်တပ်ဟူ၍ မိမိကိုယ်ကိုမိမိ မသိမသာယူဆလာခြင်း၊ လူထုအမြင်အားဖြင့်လည်း တပ်တစ်တပ်ကဲ့သို့ ယူဆလာခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတကာ၏ (Concept) အမြင်ယူဆချက်မှာ ရဲသည်လက်နက်ကိုင်တပ်တစ်တပ်မဟုတ်ပါ၊ အများပြည်သူနှင့်နေ့စဉ်ရောနှောပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင် နေရခြင်းအားဖြင့် (individualistic Nature)တစ်ဦးချင်း ဆောင်ရွက်ရသောသဘာဝရှိပါသည်။ ထိုချို့ယွင်းချက်များကို ခြုံ၍ကြည့်ရှုသုံးသပ်လျှင် **“ရဲနှင့်ပြည်သူ”** ဟူ၍ နှစ်မျိုးနှစ်စားပေါ်ပေါက်လာပြီး ရဲအဖွဲ့သည် ပြည်သူလူထုအပြင်ဘက်မှ တစ်မျိုးတစ်စားသီးခြားဖြစ်ပေါ်လာသည်နှင့်အမျှ ပြည်သူလူထုကို အုပ်ချုပ်သော အဖွဲ့တစ်ဖွဲ့ဟု မှတ်ယူလာကြပေသည်။

လွတ်လပ်ရေးရပြီး (၁၄)နှစ်အတွင်း ဤစနစ်မျိုးဖြင့် အုပ်ချုပ်လာခဲ့ရာ ရဲအဖွဲ့ဝင်များသည် ပြည်သူအပေါ် တိုင်းတစ်ပါးသားက အခြားတိုင်းတစ်ပါးသား များကို အုပ်ချုပ်ဘိသကဲ့သို့ ယူဆကျင့်သုံးခဲ့သည့် ဤချို့ယွင်းသောစနစ်ကြီးကြောင့် နေ့စဉ်နှင့်အမျှ သတင်းစာအသီးသီးတွင်သော်လည်း ကောင်း၊ ရဲဌာနချုပ်တွင် သော်လည်းကောင်း၊ ရဲအဖွဲ့ဝင်များ၏ မဖွယ်မရာပြုမူချက်များသည် ရပ်စဲသွားခြင်းမရှိ တိုး၍တိုး၍သာ များပြားလာသည်ကို တွေ့ရှိရပေသည်။ ယင်းသို့ရဲအဖွဲ့ဝင်များ မဖွယ်မရာပြုမူသည့် တိုင်တန်းချက်များ တိုးတက်များပြားလာခြင်းကို ရဲချုပ်အဆက်ဆက်ကတွေ့ရှိခဲ့၍ သက်ဆိုင်ရာအစိုးရအား ဤရဲအဖွဲ့ကြီး၏ စနစ်ပြုပြင်ပြောင်းလဲရန် အသီးသီးအဆိုပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထိုစဉ်အခါက သက်ဆိုင်ရာအစိုးရကလည်း မူအားဖြင့် သဘောတူသဖြင့် ၁၉၅၁ ခုနှစ်တွင် ရဲချုပ်မစ္စတာဂျီကလစ်၊ ရဲမင်းကြီး ဦးကျော်မြင့်၊ ရဲမင်းကြီး ဦးဖေသန်းနှင့် လက်ထောက်ရဲမင်းကြီး ဦးဘကြိုင်တို့ပါဝင်သော **ရဲအဖွဲ့စနစ်ပြုပြင်ပြောင်းလဲရေး လေ့လာမှုအဖွဲ့ တစ်ဖွဲ့ကို** နိုင်ငံခြားသို့စေလွှတ်ခဲ့ပေသည်။ အလားတူပင် ၁၉၆၀ ပြည့်နှစ်က ပြည်သူ့အုပ်ချုပ်ရေးယန္တရားစနစ် ပြုပြင်ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်၍ တရားဝန်ကြီး ဦးချန်ထွန်းအောင် ခေါင်းဆောင်သော ပြည်သူ့ဝန်ထမ်းအဖွဲ့ကို နိုင်ငံပေါင်း မြောက်မြားစွာသို့ လေ့လာရန်စေလွှတ်ခဲ့ပါသည်။ ထိုအဖွဲ့များ၏ လေ့လာချက်အစီရင်ခံစာများတွင် လက်ရှိရဲအဖွဲ့စနစ် ပြုပြင်ပြောင်းလဲပစ်ရန် အထူးပင်လိုအပ်ကြောင်းနှင့် တတ်နိုင်ပါလျှင် အမြစ်မြေလှန်စနစ်သစ်ဖြင့် ပြုပြင်ပြောင်းလဲသင့်ကြောင်း အဆိုပြုခဲ့ကြသည်။ လက်ရှိစနစ်၏ ချို့ယွင်းချက်မှာကိုလိုနီရဲ အဖွဲ့စနစ်၏ အကြွင်းအကျန်ကို ပြန်လည်ငုံထားသော စနစ်ဖြစ်၍ လွတ်လပ်သောတိုင်းပြည်တစ်ခုနှင့် မအပ်စပ်ကြောင်း သုံးသပ်ခဲ့သည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒီမိုကရေစီစနစ် ပီပီပြင်ပြင်ကျင့်သုံးသည့်နိုင်ငံတိုင်းတွင် တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းထားမှုမရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မိတ္ထီလာ မဲဆန္ဒနယ်မှ ဦးဝင်းထိန်၏ **"အောက်မြန်မာပြည်(ဖောင်ကြီး)နှင့် အထက်မြန်မာပြည်(ဇီးပင်ကြီး)တို့တွင် ဒီမိုကရေစီအရေးနှင့် ပတ်သက်သော သင်ရိုးညွှန်းတမ်းများ ပြုစုပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ကြားရေး တာဝန်ထမ်းဆောင်နေကြသည့် နည်းပြများ၏ အရည်အသွေးမြင့်မားလာစေရန် အပြင်နိုင်ငံတော်က ပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်ပြီး အတွေ့အကြုံကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ပနိုင်ငံများသို့ စေလွှတ်ပြီး သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များ တက်ရောက်စေလျက်ရှိပါကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် **"ဒီမိုကရေစီအရေး"** ဟူသော သီးခြားခေါင်းစဉ်ဖြင့် သင်ရိုးညွှန်းတမ်းများ ပြုစုပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ဒီမိုကရေစီစနစ်ကိုထူထောင်ရာတွင် အထောက်အကူဖြစ်စေမည့် ဘာသာရပ်များကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ၂၀၁၃ ခုနှစ် မှစတင်၍ ဖွင့်လှစ်ခဲ့သော အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းနှင့်



ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းများတွင် ထည့်သွင်းပို့ချလျက်ရှိပါကြောင်း။

ယင်းကဲ့သို့ ပြည်ပပညာရှင်များနှင့် ပြည်တွင်းပညာရှင်များ ပို့ချဆွေးနွေးချိန်များတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် နည်းပြများကို လေ့လာသူများအဖြစ် တက်ရောက်စေပြီး ၎င်းတို့မှ ဆင့်ပွားသင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် နှစ်စဉ်ပုံမှန်ဖွင့်လှစ်သည့် အခြားသင်တန်းများ၌လည်း ဒီမိုကရေစီအရေးနှင့်ပတ်သက်သော သင်ခန်းစာဘာသာရပ်များကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပြုစုသင်ကြားပို့ချနိုင်ရန် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ဆွေးနွေးညှိနှိုင်းထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏လေ့လာသုံးသပ်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များအတွက် ရွေးချယ်ရန်နည်းလမ်း အနည်းဆုံး(၇)ခုကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍တင်ပြရန် လွှတ်တော်သို့ အသိပေးဆောင်ရွက်သည်။

ယင်းနောက် လွှတ်တော်သို့တင်သွင်းထားသည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ကော်မတီတစ်ခုတည်းနှင့်သာမက မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်



ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ဆွေးနွေးစဉ်။ (သတင်းစဉ်)

မီဒီယာများ၊ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင်ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် တရားရုံးများကို စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖွဲ့စည်းထားမှုမရှိပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီနိုင်ငံများက တရားရုံးများ၏ လွတ်လပ်စွာတရားစီရင်ရေးကို တန်ဖိုးထားကြသည့်အတွက် တရားရေးမှုကို မည်သည့်နည်းနှင့်မျှ အထိအခိုက်မခံပါကြောင်း။

မြန်မာနိုင်ငံက တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့လိုက်သည်နှင့် မြန်မာနိုင်ငံတွင် လွတ်လပ်စွာတရားစီရင်ရေး မရှိသည်ကို သိရှိသွားကြမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ တရားစီရင်ရေးစနစ်ရှိပါမှ ရဲရဲဝံ့ဝံ့နှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုကြမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာ တရားစီရင်ရေးမရှိသည့် နိုင်ငံကို ပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက်ရန် တွန့်ဆုတ်သွားနိုင်သည့်အတွက် တိုင်းပြည်အတွက်လည်း အမှန်တကယ်ထိခိုက်နိုင်ပါကြောင်း။

တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် တရားရုံး၏ ဂုဏ်သိက္ခာကို အမှန်ပင်ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် တရားရေးမဏ္ဍိုင် ခိုင်မာသည်ထက် ခိုင်မာအောင်၊ ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေး ဖြစ်ထွန်းအောင် မဏ္ဍိုင်အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့် အချိန်ဖြစ်ပါကြောင်း။

၁၉၇၃ ခုနှစ် ပြည်သူ့တရားစီရင်ရေးစနစ် ရှေ့ပြေးကာလတွင် ယခုလို အဖွဲ့မျိုးဖြစ်သည့် ပြည်သူ့တရားရေးရာကော်မတီဆိုသည့်အဖွဲ့ ဖွဲ့ဖူးပါကြောင်း၊ ၎င်းအဖွဲ့သည် တရားစီရင်ရေးရာကဏ္ဍတွင် တဖြည်းဖြည်းချင်း သြဇာအာဏာလွှမ်းမိုးမှုများ ရှိလာခြင်းကြောင့် နောက်ပိုင်းတွင် အဆိုပါအဖွဲ့ကို ဖျက်သိမ်းလိုက်ရသည့် သာဓက ရှိခဲ့ဖူးပါကြောင်း။

တရားရုံးများ စောင့်ကြည့်လေ့လာရေး လွတ်လပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းသည် ဥပဒေအရ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းမခံရသည့်အဖွဲ့ကိုဖွဲ့စည်းပြီး တရားရုံး၏ ဆောင်ရွက်ချက်များကို စိစစ်ရန်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မည်ဖြစ်ပါကြောင်း၊ တရားရုံးများ စောင့်ကြည့်လေ့လာရေး လွတ်လပ်သည့်အဖွဲ့အစည်းများ ရှိသင့်သည်ဆိုသည့် အချက်ကို ခြွင်းချက်ပြု၍ အစီရင်ခံစာကို အတည်ပြုသင့်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မိုင်းရှူးမြို့နယ်လျှပ်စစ်ဓာတ်အားရရှိရန် ၂၀၁၅ ခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ ချောင်းမကြီးကို မူလရေယာ ပေ ၁၀၀ အကျယ်အဝန်းအတိုင်း ချဲ့ထွင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ အတွင်းရှိ ချောင်းမကြီးချောင်း၏ မူလချောင်း အကျယ်မှာ ပေ ၁၀၀ ခန့်ရှိပါကြောင်း၊ ယခုချောင်းအကျယ်မှာ ပေ ၅၀ ခန့်သာရှိပြီး ချောင်းရိုးကျဉ်းမြောင်း တိမ်ကောလာခြင်းကြောင့် ကမ်းပါးတစ်လျှောက်ရှိ လယ်မြေများအတွင်း သဲများစုပုံကျရောက်၍ လယ်မြေများ ပျက်စီးထိခိုက်မှုနှင့် ကြုံတွေ့နေရပါကြောင်း၊ ချောင်းမ ကြီးတူးဖော်ပေးခြင်းအားဖြင့် ဝမ်းဘဲ အင်းကျေးရွာရှိ မိုးစပါးစိုက်လယ်မြေ ဧက ၉၀၀ ခန့်ကို ရေးကြီးနှစ်မြုပ်၍ ထိခိုက်ပျက်စီးမှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ချောင်းတူးဖော်ခြင်းလုပ်ငန်းကိုလတ်တလောအခြေအနေတွင် ဆောင်ရွက်ထားမှုမရှိပါကြောင်း၊ ချောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ခြေအကျယ် ပေ ၅၀ ၊ ပျမ်းမျှအနက် ၁၀ ပေဖြင့် အလျား (၂ ဒသမ ၄၆)မိုင်၊ မြေကြီးကျင်းပေါင်း ၄၃၀၀၀ နှင့် ခန့်မှန်းကျပ်သန်း ၁၉၂ ဒသမ ၀၄ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

ယခင် လွှတ်တော်အစည်းအဝေးများတွင် တင်ပြထားသည့် ကတိကဝတ်ပြုလုပ်ငန်းများကို ပထမဦးစားပေး ဆောင်ရွက်ရန်ကျန်ရှိနေသဖြင့် ယခုတင်ပြလာသော လုပ်ငန်းကို ၂၀၁၅ -၂၀၁၆ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ BE တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဦးစားပေးအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉) မှ ဦးသော်ဇင်ဦး၏ **ပခုက္ကူမြို့၌ တည်ရှိသော လေယာဉ်ကွင်းဟောင်းမြေနေရာတွင် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး



ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ဦးအောင်သိမ်းက ပခုက္ကူမြို့ လေယာဉ်ကွင်းဟောင်း မြေနေရာသည် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်သော မြေနေရာဖြစ်ပြီး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဖင်သာဘိတ်၏ **ဂန့်ဂေါ-ဟားခါး(၆၆)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ဂန့်ဂေါ-ဟားခါး လမ်းမပတ်ဝန်းကျင် ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်းအနီးတွင် ကျေးရွာ ၁၅ ရွာခန့်ရှိပြီး ယင်းတို့အနက် ကျေးရွာ ၁၁ ရွာတွင် ဆိုလာစနစ်၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်နှင့် ဒီဇယ်ဓာတ်အားပေးစက်တို့ဖြင့် ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကျေးရွာလေးရွာကိုလည်း ယခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ကျေးရွာများအား ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်းမှ ၆၆ ကေဗွီဗို့အားကို ဓာတ်အားခွဲရုံကြီးများတည်ဆောက်ပြီး အဆင့်ဆင့်ဗို့အား လျှော့ချဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဖင်သာဘိတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ပုံငွေလျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး (၁၁/၀ ဒသမ ၄ )ကေဗွီဓာတ်အားခွဲရုံ၊ ၁၁ ကေဗွီနှင့် (၀ ဒသမ ၄) ကေဗွီဓာတ်အားလိုင်းများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေလျာထား ဆောင်ရွက်နိုင်ရေး အတွက် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းကျော်ဇောသန်း၏ **မိုင်းနောင်မြို့တွင် ရောက်ရှိပြီးဖြစ်သော မဟာဓာတ်အားလိုင်းမှ မိုင်းရှူးမြို့နယ်အတွက် လျှပ်စစ်မီးရရှိရေးကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် မိုင်းနောင်-မိုင်းရှူး ၆၆ ကေဗွီဓာတ်အားလိုင်း ၃၃ မိုင် ကို Turn Key စနစ်ဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားပြီး ၂၀၁၅ ခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ၆၆/၁၁ ကေဗွီ (၅) အမ်ဗွီအေ မိုင်းရှူးဓာတ်အားခွဲရုံကို Trun Key စနစ်ဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့် ပြည်သူ့ဆေးရုံကျန်းမာရေးဌာနခွဲများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံ၌ မှော်ဘီမြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ကျန်းမာရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဆေးရုံ တိုးတက်ကောင်းမွန်စေရေးကိစ္စများကို ဆွေးနွေးမှာကြားပြီး ဆရာဝန် ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုလားကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မြောင်းတကာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ မြောက်ချောကုန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရွှေမြယာကျေးလက်ကျန်းမာရေးဌာနခွဲတို့အား သွားရောက်ကာ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးပွင့်အဆင့်(၆)စီမံချက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၃၀**

ကမာရွတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနအနေဖြင့် ရပ်ကွက်အမှတ်(၁)(၃)(၄)(၅)(၉)နှင့်အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)(၄)(၅)တို့တွင် မှတ်ပုံတင်များ နေ့ချင်းပြီးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ကမာရွတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမိုးသူက မိုးပွင့်အဆင့် (၆) စီမံချက်ကာလတွင် အမျိုးသားမှတ်ပုံတင်ပေါင်း ၄၃၃ ဦးနှင့် အိမ်ထောင်စု အမှုတွဲပေါင်း ၆၇၀ တို့ကိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းရှင်းပြသည်။ **ခင်မောင်သော်(ကမာရွတ်)**

## ပြည်တွင်းသတင်း

❖ *ကျောဖုံးမှ*

"ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟူသည့် ဆောင်ပုဒ်ကို ရွေးချယ်ခဲ့ခြင်းမှာ စည်းလုံးညီညွတ်၍ အေးချမ်းသာယာကြွယ်ဝသည့် အာဆီယံအသိုက်အဝန်း တည်ထောင်နိုင်မည့် စုပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်အလေးထား ဆောင်ရွက်စေလို၍ ဖြစ်ပါကြောင်း။

ကြုံတွေ့နေရသည့် အာဆီယံ၏ စိန်ခေါ်မှုများသည် နူးညံ့သိမ်မွေ့စွာ ရိုက်ခတ်လျက်ရှိရာ အာဆီယံနိုင်ငံများအတွင်း ပိုမိုညှိနှိုင်းဆောင်ရွက်မှုများဖြင့် ပြီးပြည့်စုံသည့် ဖြေရှင်းမည့်နည်းလမ်းများ ပိုမိုလိုအပ်လာပါကြောင်း၊ အာဆီယံ လူမှုရေး - ယဉ်ကျေးမှုမဏ္ဍိုင်သည် သဟဇာတဖြစ်၍ ပြည်သူလူထုကို အခြေပြုသည့် အာဆီယံအဖွဲ့အစည်းအဖြစ် အခွန့်ရှည်တည်တံ့စေရန် အာဆီယံဒေသအတွင်းရှိ ပြည်သူများ၊ လူမှုဘဝမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုများနှင့် သဘာဝအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်း ပြည်သူများ၏ ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း။

အာဆီယံ နိုင်ငံများသည် အာဆီယံ၏ သွင်ပြင်စရိုက်လက္ခဏာများ တည်ဆောက်နိုင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအကြား အာဆီယံစိတ်ဓာတ် စိမ့်ဝင်ပျံ့နှံ့စေရေးနှင့် လူထုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဖန်တီးမှုများနှင့် ယဉ်ကျေးမှုထုတ်ကုန်လုပ်ငန်းများမြှင့်တင်ရေး၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် အာဆီယံ လူမှုရေး- ယဉ်ကျေးမှုမဏ္ဍိုင်၏ အဓိက အနှစ်သာရများဖြစ်ပါကြောင်း။

အာဆီယံသည် အရောင်အသွေးစုံ၍ မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး တူညီသည့် သမိုင်းကြောင်းဆိုင်ရာများရှိသည့်အတွက် အာဆီယံ လူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း၏ ရေရှည်ရည်ရွယ်ချက်များသည် အာဆီယံ ပြည်သူလူထု၏ လူမှုဘဝဖူလုံရေးကို တာဝန်ယူသည့် အသိုက်အဝန်းဖြစ်စေရန် ဆိုသည်ကို မိမိတို့အနေဖြင့် အသိအမှတ်ပြုထားပါကြောင်း။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင်သည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ နှစ်ဝက်အကဲဖြတ်ချက်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အာဆီယံ လူမှုရေး -ယဉ်ကျေးမှုအသိုက်အဝန်း၏သက်ဆိုင်ရာကဏ္ဍများကို ဖော်ဆောင်သည့် အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် အဓိကဆောင်ရွက်သူများ အနီးကပ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ နှစ်ဝက်အကဲဖြတ်အစီရင်ခံစာကို (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြနိုင်ခဲ့သည့်အတွက် အဖွဲ့ဝင်ကော်မတီဝင်များကို ကျေးဇူးတင်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် ဘန်ဒါဆရီဘီဂါဝန်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံ Demilitarized Zone သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ Demilitarized Zone (DMZ) သို့ ရဟတ်ယာဉ်ဖြင့် သွားရောက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုရီးယားစစ်သမိုင်းပြတိုက် War Memorial ကိုလည်းကောင်း၊ Defense Acquisition Program Administration, (DAPA) ကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ဆိုးလ်မြို့ရှိ Namsan Tower ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါမျှော်စင်သည်ဆိုးလ်မြို့ Namsan တောင်ကုန်းပေါ်၌ တည်ရှိသည်။ ၂၃၆ ဒသမ ၇ မီတာ (၇၇၇ ပေ) မြင့်မား၍ ၁၉၈၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား Demilitarized Zone (DMZ) မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။** (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့အား ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌနှင့် ဇနီးတို့က ညစာတည်ခင်းဧည့်ခံ



**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် စက်တင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဆိုးလ်မြို့ရှိ ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ် ဥက္ကဋ္ဌ (Chairman of Joint Chiefs of Staff ) ဖြစ်သူ Admiral Choi Yoon-hee ၏ နေအိမ်၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညစာစားပွဲသို့ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့်ဇနီးတို့တက်ရောက်ကြ၍ ကိုရီးယားတပ်မတော်မှ ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌနှင့်ဇနီး၊ ကိုရီးယားတပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ကိုရီးယားတပ်မတော်၊ ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြား၍ ဆုတောင်းမင်္ဂလာပြုခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ဆုတောင်းမင်္ဂလာပြုခဲ့သည်။ ထို့နောက် ညစာကို အတူတကွသုံးဆောင်ခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ Admiral Choi Yoon- hee က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (မြဝတီ)

# ကယ်ဆယ်ရေးအစီအစဉ်အသစ်များ ထပ်မံရေးဆွဲဆောင်ရွက်နေ တောင်တက်သမားနှစ်ဦးကျန်ရှိသည့်ပစ္စည်းများကို တာဝန်ရှိသူများထံအပ်နှံ

➤ ခင်ရတနာ-ရေးသည် ➤

**ပူတာအို စက်တင်ဘာ ၃၀**

ပူတာအိုမြို့သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည့် တရုတ်နိုင်ငံမှ တောင်တက်သမား ၁၉ ဦးအဖွဲ့နှင့် စက်တင်ဘာ ၂၈ ရက်က ရောက်ရှိလာခဲ့သော အီတလီနိုင်ငံသား သုံးဦး၊ နီပေါလူမျိုးတစ်ဦးတို့သည် ပြည်တွင်းကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးလမ်းကြောင်းသစ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသော်လည်း တောင်တက်သမားများနှင့် ပျောက်ဆုံးရဟတ်ယာဉ်ကို ပြန်လည် မတွေ့ရှိနိုင်သေးကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ထူးဖောင်ဒေးရှင်းမှ ကယ်ဆယ်ရေး ရဟတ်ယာဉ် B3 (အပြာ)တွင် မြန်မာကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့်အတူ အီတလီ ရဟတ်ယာဉ်မှူးတစ်ဦးနှင့် အီတလီ ကယ်ဆယ်ရေးအဖွဲ့ဝင်နှစ်ဦးလိုက်ပါပြီး နောင်မွန်းဧရိယာနှင့် ကယ်ဆယ်ရေးအစီအစဉ် ရေးဆွဲခဲ့သည့် လမ်းကြောင်းအတိုင်း ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိပြီး ကယ်ဆယ်ရေး ရဟတ်ယာဉ် B3 ရဟတ်ယာဉ် (အနက်)တွင် နီပေါရဟတ်ယာဉ်မှူး Sid နှင့် နီပေါနိုင်ငံမှ တောင်တက်ကျွမ်းကျင်လမ်းပြ Sherpa နှစ်ဦးတို့သည် မြန်မာကယ်ဆယ်ရေး အဖွဲ့ဝင်များနှင့်အတူ လိုက်ပါလျက် ရေးဆွဲထားသည့် ကယ်ဆယ်ရေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည်။

ခါကာဘိုရာဇီတောင်၏ အမြင့်ပေ ၁၆၂၀၀ တွင် ပျောက်ဆုံးတောင်တက်သမားတို့ ကျန်ရစ်ခဲ့သည့် အိတ်အနီတစ်လုံး၊ အမြင့်ပေ ၁၇၃၀၀ တွင် ကျောပိုးအိတ်အပြာ တစ်လုံးတို့ကို ခက်ခဲစွာရှာဖွေတွေ့ရှိခဲ့ပြီး ထိုပစ္စည်းများကို ပူတာအိုခရိုင် ဒေသအာဏာပိုင်များရှေ့မှောက်တွင် ဖွင့်လှစ်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဒေသအာဏာပိုင်များလက်သို့ ပကတိအတိုင်း အပ်နှံထားခဲ့ကြောင်း သိရသည်။

ယခုအခါ ပေပေါင်း ၁၃၂၀၀ အမြင့်ရှိသည့် Base Camp သို့ တရုတ်နိုင်ငံမှ Blue Sky Rescue လေးဦး ရှေ့ပြေးအဖွဲ့အဖြစ် ရောက်ရှိလာနေပြီး အခြားအဖွဲ့ဝင်များသည်လည်း အောက်တိုဘာ ၁ ရက်တွင် Base Camp သို့ စုံညီစွာရောက်ရှိအင်အားဖြည့် ရှာဖွေကြမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်းမှ သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ဂျီးရီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်သော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုလု(က်)ဘင်ဂျာအရှီရူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

ပြည်တွင်းသတင်း

ကြေညာစာတမ်းတွင် ကတိကဝတ်ပြုထားခဲ့သည့်အတိုင်း ပြည်သူလူထုအခြေပြု အာဆီယံဖြစ်ရေးနှင့် အာဆီယံ ပူးပေါင်းဆက်နွယ်မှုဆီသို့ ရောက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့သည့် နေပြည်တော်ကြေညာစာတမ်းတွင် လူမှုရေး-ယဉ်ကျေးမှုဆိုင်ရာဆွေးနွေးဆောင်ရွက်မည့်ကဏ္ဍများကို အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအောက်တွင် မီးမောင်းထိုးပြခဲ့ပြီး ပြည်သူလူထုကို အလေးထားဗဟိုပြုသည့် အာဆီယံဖြစ်စေရန်အတွက် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်ရန် တိုက်တွန်းထားပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့် ဧရိယာများအဆိုပြုတင်ပြခဲ့ရာ အာဆီယံလူမှုရေး -ယဉ်ကျေးမှုမဏ္ဍိုင်၏ လုပ်ငန်းတာဝန်များကို ထင်ဟပ်စေမည့်ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းအတွက် အာဆီယံ သဘောတူညီမှုလုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်များအပေါ် စုပေါင်းအားထုတ်မှုများဖြင့် ပြန်လည်တောင့်တင်းခိုင်မာလာစေရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ဆင်းရဲမှုလျှော့ချမှုအပေါ် ပိုမိုအားထုတ်၍ဆောင်ရွက်ရန်၊ လူမှုလုံခြုံမှုဆိုင်ရာ ကွန်ရက်များကိုတိုးမြှင့်ဆောင်ရွက်ရန် အေးအတူပူအမျှခံစားမည့် အာဆီယံလူမှုအသိုက်အဝန်းကို တည်ထောင်ရန်နှင့် လူ့အဖွဲ့အစည်းများနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို မျှဝေရာတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်း၊ လုပ်ငန်းစဉ်များပါအသီးသီး ပါဝင်နေသည်ကို တွေ့ရပြီး ဝိုင်းဝန်းကြံဆဖော်ဆောင်ပေးသည့် ASCC ကောင်စီဝင်များနှင့် ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါကြောင်း။

၂၀၁၅ အလွန် မျှော်မှန်းချက်အတွက် မဏ္ဍိုင်အသီးသီး၏ လုပ်ငန်းအဖွဲ့များက အခြေခံမူဘောင်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းသည် ယခုအချိန်မှစ၍ တစ်နှစ်အတွင်း ပေါင်းစည်းရမည်ဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်နိုင်ငံအားလုံးက လိုအပ်သည့်ဆောင်ရွက်မှုများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခု အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်းနှင့် ၂၀၁၅ ခုနှစ် အသိုက်အဝန်းထူထောင်ပြီးနောက်ပိုင်းလိုအပ်မည့် အချက်များကို ဆွေးနွေးအဖြေရှာရာတွင် ဗဟုသုတများ မျှဝေကာ သင်ခန်းစာရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုတိုးမြှင့်ပြီး အကျိုးရှိသည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုကောင်စီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အာဆီယံလူမှုရေး- ယဉ်ကျေးမှုကောင်စီဝန်ကြီးများ၊ အာဆီယံ ဒုတိယ အတွင်းရေးမှူးချုပ်တို့နှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ အာဆီယံ ဒုတိယ အတွင်းရေးမှူးချုပ်တို့သည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက We are ASEAN တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

(သတင်းစဉ်)



# ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့အတွက် မဆုတ်မနစ်ဆက်လက်ဆောင်ရွက်သွားရန် အခိုင်အမာဆုံးဖြတ်ထား

**နယူးယောက် စက်တင်ဘာ ၃၀**

ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၉ ရက်တွင် အထွေထွေမူဝါဒရေးရာမိန့်ခွန်းကို ပြောကြားခဲ့သည်။

ယင်းမိန့်ခွန်းတွင် မိမိတို့ယခုကဲ့သို့ စုစည်းရောက်ရှိနေသည့် အခါသမယမှာ ကမ္ဘာကြီးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသော စိန်ခေါ်မှုများနှင့် လုံခြုံရေးခြိမ်းခြောက်မှုများ ကြုံတွေ့နေရချိန်ဖြစ်ပြီး စုပေါင်းလက်တွဲပြီး ဆောလျင်စွာဖြေရှင်းရန် လိုအပ်နေသည့်အချိန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အစိတ်အပိုင်းအချို့၏ ဒေသကြီးအတွင်းသို့မဟုတ် ဒေသတွင်းတွင် ပေါ်ပေါက်နေသော ပဋိပက္ခများ၏ အရေအတွက်နှင့် ပမာဏသည်လည်း ကြီးထွားလာနေပါကြောင်း၊ လူသန်းပေါင်း တစ်ထောင်ခန့်သည်လည်း ဆင်းရဲနွမ်းပါးနေဆဲဖြစ်ပါကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် သိပ္ပံပညာရပ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စတစ်ရပ် မဟုတ်တော့ပါကြောင်း၊ အသက်ရှင်ရပ် တည်မှုဆိုင်ရာ ကိစ္စရပ်ဖြစ်သည့်အတွက် အရေးတကြီး လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိပ္ပာယ်ပြည့်ဝကာ လက်တွေ့လည်း အကောင်အထည်ဖော်နိုင်မည့် ရာသီဥတုဆိုင်ရာ တစ်ကမ္ဘာလုံးပါဝင်သည့် သဘောတူညီချက်တစ်ရပ်ကို ပါရီမြို့၌ ၂၀၁၅ ခုနှစ်တွင် ပေါ်ထွက်လာရန် နိုင်ငံတကာအသိုက်အဝန်းနှင့် အတူတကွ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အနောက် အာဖရိကတွင် အီဘိုလာဖြစ်ပွားမှုသည် ထိတ်လန့်ဖွယ်ဖြစ်ပါကြောင်း၊ လူသားတစ်ရပ်လုံးနှင့် သက်ဆိုင်သောဘုံစိန်ခေါ်မှုဖြစ်ကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ လူသားချင်း စာနာထောက်ထားမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အိပ်မက် ဆိုးများဖြစ်မလာမီ ရနိုင်သောအရင်းအနှီးနှင့် ကျွမ်းကျင်မှုအားလုံးကို စုစည်းပြီး အသုံးချသွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အတွင်းရေးမှူးချုပ်၏ အီဘိုလာအရေးပေါ် တုံ့ပြန်မှုဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ကို ကြိုကြိုတင်တင် ထူထောင်ပြီး မြန်ဆန်စွာ အချိန်ကိုက်တုံ့ပြန်မှုကို ကြိုဆိုပါကြောင်း။

မည်သည့် အကြောင်းပြချက်သို့မဟုတ် မည်သည့်အခြေအနေမျိုးတွင်မဆို အကြမ်းဖက်မှု ကျူးလွန်ခြင်းကို လျစ်လျူရှုမထားနိုင်ပါကြောင်း၊ ဘာသာရေးကို ခုတုံးပြုလျက် ရက်စက်စွာသတ်ဖြတ်ခြင်း၊ သေကျေစေခြင်းများကို သည်းခံခွင့်လွှတ်ရမည် မဟုတ်ပါကြောင်း၊ အကြမ်းဖက်မှုကို မည်သည့်ပုံစံနှင့် သရုပ်သဏ္ဍာန်မျိုးနှင့်မဆို ကျူးလွန်ခြင်းကို မြန်မာနိုင်ငံအနေဖြင့် အစဉ်အမြဲ ဆန့်ကျင်လျက်ရှိပါကြောင်း၊ ထိုဆိုးရွားလှသည့် ရာဇဝတ်မှုများ ကင်းစင်သွားရန် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ညီညွတ်စွာ လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ပြောင်းလဲမှုများ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ယခင်ကထက်ပိုမိုကောင်းမွန်သော ဆက်ဆံရေးရှိပါကြောင်း၊ ကုလသမဂ္ဂနှင့် ၎င်း၏အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ အကူအညီများ ပေးလျက်ရှိပါကြောင်း၊ အပြုသဘော ပြောင်းလဲမှုများ၏ နယ်ပယ်နှင့် အရှိန်အဟုန်တို့ကြောင့် နိုင်ငံတကာ အသိုက်အဝန်း၏ ထင်ရှားသော အသိအမှတ်ပြုမှုများ၊ အားပေးအားမြှောက်ပြုမှုများကို ရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ချမှတ်ပြီး လွန်ခဲ့သော သုံးနှစ်ကျော်က စတင်ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းသော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သည့် တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပါကြောင်း။

ပထမအဆင့် ပြုပြင်ပြောင်းလဲမှုသည် တပ်မတော်အစိုးရကလွှတ်တော် (ပါလီမန်)၌ ဆွေးနွေးမှုများမှတစ်ဆင့် မတူကွဲပြားမှုများကို ကျော်လွှားနိုင်ရန် နိုင်ငံရေးအင်အားစုအားလုံး အတူတကွ ပါဝင်လုပ်ဆောင်နိုင်သည့် ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာပြောင်းလဲခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးစနစ် တည်ထောင်ခဲ့ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်မှတစ်ဆင့် သက်ဆိုင်သူများအားလုံးကို ယင်းလုပ်ငန်းစဉ်တွင် ပါဝင်စေခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှု၏ ပထမအဆင့်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များပေးအပ်ခြင်း၊ ကျယ်ပြန့်သော နိုင်ငံရေးနယ်ပယ်များ၊ မီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တို့ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အစိုးရအနေဖြင့် မိမိ၏ကဏ္ဍမှ ၎င်းတို့၏ လုပ်ငန်းဆောင်တာများ ထိရောက်စွာ အကောင်အထည်ဖော်သွားရန်အတွက် ပံ့ပိုးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အစုလိုက်အပြုံလိုက် သေကျေစေသည့် လက်နက်များကို ရှုတ်ချဆန့်ကျင်ပါကြောင်း။

နိုင်ငံတကာ ပင်မလက်နက်ဖျက်သိမ်းရေးစာချုပ်များသို့ အတည်ပြုပါဝင်ရေးအတွက် မြန်မာနိုင်ငံသည် ပြည်တွင်းပြင်ဆင်မှုများပြုလုပ်နေပြီဟု ပြောကြားလိုပါကြောင်း၊ ယင်းတွင် မြန်မာနိုင်ငံက ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် (၁၉၇၂)သို့ အတည်ပြုပါဝင်ရေးကို ပြည်ထောင်စုလွှတ်တော်၌ သဘောတူညီခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် သုံးနှစ် ကာလကတည်းကစပြီး အပြောင်းအလဲများ ဖြစ်ပေါ်ပျံ့နှံ့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ၎င်းတို့၏ လူမှု- စီးပွားရေး လိုလားချက်များ ဖြည့်ဆည်းသွားနိုင်မည့် တတိယအဆင့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ထို့နောက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုနှင့် ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲမှုတို့ စုစည်းပါဝင်သော ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့ဆိုလျှင် ဒီမိုကရေစီနိုင်ငံအသစ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ရပ်ကို ချမှတ်သွားနိုင်

ငြိမ်းချမ်းရေး တည်ငြိမ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အာမခံဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို လမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းသွားရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ထားပါကြောင်း၊ မိမိတို့၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုသည် နုနယ်သေးသည့်အတွက် အခြားသော အကူးအပြောင်းကာလတွင် ရှိသည့် နိုင်ငံများနည်းတူ ခက်ခဲနက်နဲသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ အစိုးရအနေဖြင့် ဆောင်ရွက်ဖွယ်ရာ အများအပြားကို အကောင်အထည်ဖော်ဆောင်ရာမှ ကျွမ်းကျင်သူပိုင်းဆိုင်ရာ အကန့်အသတ်များလည်း ကြုံတွေ့နေရပါကြောင်း၊ ထိုအကန့်အသတ်များကို ကျော်လွှားသွားရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီ အသိုက်အဝန်းတစ်ခုအတွက် ခိုင်မာသော အခြေခံများ ချမှတ်နိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုတို့အတွက် ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတကာအသိုက်အဝန်း၏ သဘောပေါက်နားလည်မှုနှင့် ဆက်လက်ထောက်ခံမှုတို့လိုအပ်ပါကြောင်း။

ပြည်တွင်းနှင့် နိုင်ငံတကာ၏ အာရုံစူးစိုက်မှုရှိနေသည့် ကိစ္စတစ်ရပ်မှာ မြန်မာနိုင်ငံ၏လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးလုပ်ငန်းစဉ်ပင် ဖြစ်ပါကြောင်း၊ ထို့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်သုံးသပ်ရေး ပူးတွဲကော်မတီကို ပြည်ထောင်စုလွှတ်တော်က ပြီးခဲ့သည့်နှစ် ဇူလိုင်လက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ပြည်သူများနှင့်နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှု အကောင်အထည်ဖော်ရေး ကော်မတီကိုဖွဲ့စည်းခဲ့ပါကြောင်း။

ဒီမိုကရေစီ၏ အနှစ်သာရများကို လက်တွေ့ကျင့်သုံးသည့်အနေဖြင့် လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့်အခြေခံများ ချမှတ်လျက်ရှိပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ နိုင်ငံရေးရာဌာန ရွေးကောက်ပွဲ အကူအညီပေးရေးဌာနခွဲမှ လိုအပ်ချက်များ လေ့လာသုံးသပ်ရေး ကိုယ်စားလှယ်အဖွဲ့ မကြာသေးခင်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြောင်း။

နိုင်ငံရေးပါတီများ အနေဖြင့်လည်း ရွေးကောက်ပွဲသို့ ပါဝင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နောက်ဆုံး အဆုံးအဖြတ် ရလဒ်ကို ရွေးကောက်ပွဲနေ့တွင် ပြည်သူများက ဆုံးဖြတ်ပေးသွားမည် ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ရရှိရန် တိုင်းရင်းသားလက်နက်ကိုင် ၁၆ ဖွဲ့ အနက် ၁၄ ဖွဲ့နှင့် သဘောတူညီချက်ရရှိပြီးဖြစ်ပါကြောင်း၊ နှစ် (၆၀) ကျော်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခအဆုံးသတ်ရန် နိုင်ငံရေးဆွေးနွေးမှု မူဘောင်မူကြမ်းတစ်ရပ် ပေါ်ထွက်လာရေးကို လုပ်ဆောင်နေကြပါကြောင်း၊ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်ထားရှိသော ကတိကဝတ်အပေါ် အလေးအနက်ထားပါကြောင်း၊ နိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာကို ထိပါးစေမည့်ကိစ္စရပ်များမှလွဲ၍ အခြားသောကိစ္စရပ်များ အားလုံးကို ဆွေးနွေးရန် အသင့်ရှိပါကြောင်း၊ ပြီးပြည့်စုံပြီး ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေးကို ရရှိရန် ပိုမိုနီးကပ်လာပြီဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးနှစ်များစွာ တည်ရှိခဲ့သော စိစစ်ရေးအား ပယ်ဖျက်ခြင်း၊ ပုဂ္ဂလိကသတင်းစာနှင့် ဂျာနယ်အများအပြားထုတ်ဝေခွင့်ပြုခြင်းနှင့်မီဒီယာဥပဒေသစ် ပြဋ္ဌာန်းခြင်းတို့သည် သတင်းမီဒီယာနယ်ပယ်တွင် သိသာထင်ရှားသောအောင်မြင်မှုများပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သော အဓိကစိုးရိမ်မှုများကို ပယ်ဖျောက်နိုင်ရေးအတွက် ကျယ်ပြန့်သော အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ တပ်မတော်အနေဖြင့် ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် အရေးပါသောတိုးတက်မှုများရရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ခိုင်မာသော ကတိကဝတ်ကြောင့် မတော်တဆဖြစ်စေ၊ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းရန်စုဆောင်းခြင်းမျိုး နောက်ထပ်လုံးဝမရှိတော့ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ လူ့အသိုက်ရှိပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ထိခိုက်ခံရသူများ၏ လတ်တလောလိုအပ်ချက်များအတွက်မိမိတို့၏ ကြိုးပမ်းမှုများတွင် နိုင်ငံတကာ မိတ်ဖက်များက ကူညီပေးမှုများအား ကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီသို့ ကျယ်ပြန့်စွာအသွင်ကူးပြောင်းရေးကို စတင်လုပ်ဆောင်ခဲ့သည်မှ လွန်ခဲ့သော သုံးနှစ်ခွဲအတွင်း သိသာထင်ရှားသည့်တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ အသွင်ပြောင်းလဲမှု၏အောင်မြင်မှုကို စံနမူနာအနေဖြင့် ကမ္ဘာက ချီးကျူးလျက်ရှိကြပါကြောင်း၊ ထိုအောင်မြင်မှုများ ရရှိနေသော်လည်း မိမိတို့၏ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် စိန်ခေါ်မှုများ၊ အဟန့်အတားများ အများအပြားရှိနေဆဲဖြစ်ပါကြောင်း၊ ထိုတုန်လှုပ်ဖွယ် စိန်ခေါ်မှုများကို ကောင်းစွာသိရှိပါကြောင်း၊ အားရကျေနပ်နေမည် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီ




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

မြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့မှာ ပုံမှန်တိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်မှာ တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ၎င်း၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မကြာသေးမီက ပြန်လည် ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ယခုခေတ်သစ်တွင် သတင်းနှင့်မီဒီယာလွတ်လပ်ခွင့်များလည်း ရရှိကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ ဆယ်စုအဝန်းနှစ်ခုအကြား ပေါ်ပေါက်ခဲ့သော ပဋိပက္ခများကို ကျော်လွှားနိုင်ရန် မိမိတို့အထူးအာရုံစိုက်လျက်ရှိသကဲ့သို့ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သုံးသပ်ချက်များ အဆောတလျင်မချမီ ရခိုင်ပြည်နယ်၏ သမိုင်း၊ ကွဲပြားခြားနားမှုနှင့် နက်နဲရှုပ်ထွေးမှုများကို အပြည့်အဝနားလည်ရန် လိုအပ်ပါကြောင်း၊ အရင်းခံအကြောင်းကို ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးနှင့် ရခိုင်ပြည်နယ်နိုင်ငံတည်ဆောက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့အတွက် မဆုတ်မနစ်ဆက်လက်ဆောင်ရွက်သွားရန် ပြတ်ပြတ်သားသားနှင့် အခိုင်အမာဆုံးဖြတ်ထားပါကြောင်း။

နိုင်ငံတကာ အသိုက်အဝန်း၏ ဆက်လက် အကူအညီပေးမှုနှင့် နားလည်မှုတို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အပြုသဘောအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသူများအား ၂၄ နာရီ အနီးကပ်စောင့်ရှောက်လျက်ရှိ

**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် စီမံကိန်းအပိုင်း(၁)တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်းကြားသိရ၍ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေများကို မြန်မာ့သတင်းစဉ်(သတင်း)အဖွဲ့မှ စက်တင်ဘာ ၂၉ ရက် ညနေပိုင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

**တွေ့ဆုံမေးမြန်း**
**မိုးသူဇာစိုး၊ မင်းသစ်**
**ဓာတ်ပုံ-ရဲထွန်း**

**ဦးကျော်စိုးဦး(အုပ်ချုပ်ရေးမှူး၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာ)**

(၁၄)ရပ်ကွက်မှာက ၁၄/၁၊ ၂၊ ၃ နဲ့ စီမံကိန်း(၁)၊ (၂)ဆိုပြီး အပိုင်း ငါးပိုင်းရှိတယ်။ အခုဖြစ်နေတာက စီမံကိန်း(၁)မှာ ဖြစ်နေတာပါ။ စီမံကိန်း(၁)မှာ အိမ်ခြေ ၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၈၀၀၀ နီးပါးလောက် နေထိုင်ကြတယ်။

ဒီရပ်ကွက်မှာက သောက်သုံးရေအတွက် အဝီစိတွင်းရေကိုပဲ အဓိကထားပြီး သောက်သုံးနေရတယ်။ အဝီစိတွင်းက ၂၂ တွင်းလောက်ရှိတယ်။ တချို့လည်း ငမိုးရိပ်ရေကိုသုံးကြတယ်။ ကျန်းမာရေးဌာနက ဝန်ထမ်းတွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့နယ်အထောက်အကူပြုအဖွဲ့တွေအားလုံးပူးပေါင်းပြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေး သားဖွားဆေးခန်းမှာ ယာယီဆေးခန်းဖွင့်ပြီး ရောဂါဖြစ်ပွားတဲ့သူတွေကို ကုသပေးနေပါတယ်။

**ဒေါက်တာအေးအေးမိုး (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တောင်ဥက္ကလာပမြို့နယ်)**

၂၈ ရက်နေ့နဲ့ ၂၉ ရက် ၄ နာရီအထိ ဝမ်းပျက်ဝမ်းလျှောကြောင့် လာပြတဲ့လူနာတွေကို အနီးစပ်ဆုံးဖြစ်တဲ့ သဃ်န်းကျွန်းစံပြဆေးရုံကို တိုက်ရိုက်ပို့ဆောင် ကုသပေးနေပါတယ်။ ဆေးရုံတင်ဖို့လိုအပ်လာတဲ့လူနာတွေ့တိုင်း အရေးပေါ်ကားနဲ့ ချက်ချင်းတင်ပို့နိုင်အောင် သဃ်န်းကျွန်းစံပြဆေးရုံနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဖြစ်စဉ်ကတော့ ၂၇ ရက်နေ့ ည ၇ နာရီက ဝမ်းပျက်ဝမ်းလျှောလူနာတွေ သဃ်န်းကျွန်းစံပြဆေးရုံမှာ တက်သွားတယ်လို့ သတင်းရတယ်။ သတင်းအရ လူနာရဲ့နေရပ်ကို လိုက်ရှာတဲ့အခါ ငမိုးရိပ်ချောင်းတာပေါင်ပေါ်မှာ မေးတင်ဆောက်ထားတဲ့ ၅ ပေ × ၁၀ ပေ လောက်ရှိတဲ့ တဲအိမ်လေးတွေထဲက တစ်အိမ်မှာ ပထမဆုံးဖြစ်တဲ့လူနာကို တွေ့ခဲ့ပါတယ်။

သူ့ကိုပြုစုခဲ့တဲ့ ဘေးအိမ်က လူတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာတွေတွေ့ရပြီး ရောဂါလက္ခဏာတွေ့တဲ့သူ ခုနစ်ယောက်လောက်ရှိလာတဲ့အခါ ၂၈ ရက် မနက်မှာပဲ သက်ဆိုင်ရာတာဝန်ရှိသူတွေဆီကို သတင်းပို့ပြီး အဲဒီရပ်ကွက်နဲ့ အနီးဆုံးဖြစ်တဲ့ သားဖွားခန်းမှာ ယာယီ ကျန်းမာရေးစောင့်ရှောက်တဲ့အနေနဲ့ ဆေးပေးခန်းဖွင့်ထားပါတယ်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဆရာဝန် ဆရာမအင်အား ၂၅ ယောက်ကို နေ့/ည တာဝန်ချထားပြီး ၂၄ နာရီအနီးကပ်စောင့်ရှောက်နေပါတယ်။ ဝမ်းပျက်ဝမ်းလျှော လူနာတွေအတွက် လိုအပ်တဲ့ ကုသမှုပိုင်းဆိုင်ရာဆေးဝါး၊ ဓာတ်ဆားနဲ့ ရေသန့်အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအားလုံးကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆေးဝါးတွေလည်း လုံလုံလောက်လောက်ရှိအောင် သက်ဆိုင်ရာက ပံ့ပိုးထားပါတယ်။

ရောဂါမပျံ့ပွားအောင် ထိန်းချုပ်တဲ့နေရာမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားနေတဲ့ အင်ကြင်းလမ်းနဲ့ ကြက်မောက်လမ်းတို့အပါအဝင် တစ်ရပ်ကွက်လုံးမှာရှိတဲ့ ရေတွင်း၊ ရေကန်နဲ့ ရေထွက်ပင်ရင်းတွေ အကုန်လုံးကို ကလိုရင်းခတ်ပါတယ်။ အညစ်အကြေးစွန့်တဲ့နေရာတွေနဲ့ စိုစွတ်တဲ့နေရာတွေအားလုံးမှာ ထုံးဖြူးတာတွေ၊ အမှိုက်ရှင်းတာတွေလည်း လုပ်ပြီးပါပြီ။ ကျန်းမာရေးပညာပေးတာတွေကိုလည်း ကျန်းမာရေးဝန်ထမ်းတွေက လုပ်နေပါတယ်။

ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့ လူနာတွေမှာ လူလတ်ပိုင်းတွေ အဖြစ်များပြီး ကလေးငယ်တွေ သိပ်မဖြစ်ကြဘူး။ ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့ အိမ်တွေကို တစ်အိမ်တက်ဆင်း လိုက်ကြည့်ပြီး ရောဂါမဖြစ်သေးတဲ့ အိမ်သားတွေကို ကြိုတင်ကာကွယ်နိုင်ဖို့ နည်းလမ်းနဲ့ ဓာတ်ဆား၊ ရေသန့်စတာတွေ ဖြန့်ဖြူးပေးနေပါတယ်။

အစားအသောက်နဲ့ ရေကြောင့်မှာ ဘာကြောင့်ဖြစ်တယ်ဆိုတာ မသိရသေးတဲ့အတွက် မသန့်ရှင်းတဲ့အစားအစာတွေ မစားသောက်ဖို့နဲ့ ရောင်းချခြင်းမပြုဖို့ပါ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး စီစဉ်နေပါတယ်။

ရောဂါဖြစ်ပွားနေတဲ့ ပတ်ဝန်းကျင်က ရေကို ဓာတ်ခွဲစမ်းသပ်ဖို့ အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်း (NHL) ကို ဒီနေ့ပဲ ရေနမူနာပေးပို့ပြီးဖြစ်ပါတယ်။ ယာယီ ကျန်းမာရေးဆေးပေးခန်းမှာ ရပ်ကွက်နဲ့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က တာဝန်ရှိသူတွေ၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ မြို့တော်စည်ပင်က ကျန်းမာရေးဌာနနဲ့ တခြား လူမှုအဖွဲ့အစည်းတွေပါ ပူးပေါင်းပြီး အကူအညီပေးနေပါတယ်။ တိုင်းဒေသကြီး ကူး/စက်အဖွဲ့ကလည်း ဆင်းလာပြီး ရေရယူ သုံးစွဲတဲ့နေရာမှာ ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် ကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို စစ်ဆေးခဲ့ပါတယ်။

ရောဂါဖြစ်ပွားတဲ့ လမ်းတွေဟာဆိုရင် ရေတက်ရေကျရှိပြီး အညစ်အကြေးစွန့်တဲ့ အိမ်သာတွေဟာ ကျန်းမာရေးစံချိန်စံညွှန်းတွေ ကိုက်ညီမှုမရှိပါဘူး။ ရေအရင်းအမြစ်နဲ့ အိမ်သာက ပေ ၂၀ လောက်ပဲကွာနေတာ၊ ယင်လုံအိမ်သာမသုံးစွဲနိုင်တာ၊ လက်လုပ်လက်စားနဲ့အခြေခံလူတန်းစားတွေနေတဲ့ နေရာဖြစ်ပြီး ကျန်းမာရေးအသိပညာ နည်းပါးတာ၊ ကျန်းမာရေးနဲ့ညီတဲ့ စားသောက်နေထိုင်မှုမရှိတာတွေကို ဒီနေရာမှာ တွေ့ရပါတယ်။

အစားအစာနဲ့ သောက်သုံးရေသန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ ယင်လုံအိမ်သာ အသုံးပြုရေး၊ ဒီအချက်တွေကို လိုက်နာနိုင်မှသာ ဝမ်းပျက် ဝမ်းလျှောရောဂါကို ကာကွယ်နိုင်မှာပါ။ ဒီအချက်တွေနဲ့အညီ မနေထိုင်လို့ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်လာတယ်လို့ ထင်ပါတယ်။ ဒါကို ထိန်းချုပ်နိုင်ဖို့အတွက် အားလုံးဝိုင်းဝန်းပြီး ကြိုးစားနေပါတယ်။

**ဒေါ်လှလှဝင်း (မြို့နယ်အလုပ်အမှုဆောင်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း)**

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က အင်အား ၃၀ ကျော်နဲ့ ပူးပေါင်းကူညီပေးနေပါတယ်။ ဆေးရုံပို့ဖို့ လိုတဲ့သူတွေ၊ ဆေးပေးခန်းကို မလာနိုင်တဲ့သူတွေကို ကိုယ်တိုင်ကိုယ်ကျသွားခေါ်ပြီး လိုအပ်တဲ့ ဆေးကုသမှုရရှိအောင် ကူညီပေးနေပါတယ်။ ထုံးဖြူးတာ၊ ကလိုရင်းခတ်တာ စတဲ့ရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ ဝိုင်းဝန်းကူညီပေးနေပါတယ်။

**ဦးမင်းအောင် (စီမံကိန်းအပိုင်း(၁)၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာ)**

အခုဖြစ်တာက တာပေါင်ပေါ်မှာ နေတဲ့သူတွေပဲ ဖြစ်ကြတာ။ အသေအပျောက်တော့ မရှိကြဘူး။ ဒီမှာက အဝီစိတွင်းရေကိုပဲ သုံးနေကြတယ်။ တချို့ပိုက်အဆက်တွေကလည်း မလုံဘူး။ အိမ်သာတွေကလည်း ဖြစ်သလိုဆောက်ထားကြတယ်။ အဖုံးအကာမရှိဘူး။ အပေါ်က သွားလိုက်ရင် ရေထဲရောက်သွားတယ်။ ကျင်းတူးလို့လည်းမရဘူး။ တချို့နေရာတွေက ချောင်းရေ အတက်အကျရှိတယ်။ တချို့နေရာတွေကျတော့ ကန်သဘောမျိုးဖြစ်နေပြီး အညစ်အကြေးတွေက အဲဒီမှာ စုပုံနေတယ်။ အဲဒါကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါတွေဖြစ်တယ်လို့ ထင်တယ်။ ။



ဦးကျော်စိုးဦး။



ဒေါက်တာအေးအေးမိုး။



ဒေါ်လှလှဝင်း။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ သတင်းမီဒီယာများ တက်ရောက်နိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုမြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ နှစ်(၅၀)ပြည့် ရွှေရတုမြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ သတင်းမီဒီယာများအနေဖြင့် တက်ရောက်သတင်းရယူနိုင်ပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

**တင်လှမောင်**


**CLAIMS DAY NOTICE**
**M.V MALACCA HIGHWAY VOY:NO(176)**

Consignees of cargo carried by M.V MALACCA HIGHWAY NO. (176) are here by notified that the vessel will arrive on about 3-10-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဗေယျ ၅၉-၆၀ သင်တန်းဆင်းဥပဒေအရာရှိများ (၃၂)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ကျင်းပမည်**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဗေယျ ၅၉-၆၀ သင်တန်းဥပဒေအရာရှိများ၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မိတ်ဆုံညစာစားပွဲကို ၁၁-၁၀-၂၀၁၄ ရက် (စနေနေ့)ညနေ ၆ နာရီ၌ Royal Classic Restaurant (နေပြည်တော်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သင်တန်းဆင်းဥပဒေအရာရှိများ တက်ရောက်ကြပါရန်နှင့် အောက်ဖော်ပြပါအတိုင်း ဆက်သွယ်ကြရန် အသိပေးအပ်ပါသည်။ ဒေါ်သင်းသင်းအေး ဖုန်း-၀၉-၅၀၅၉၀၈၀၊ ဦးခင်မောင်မောင် ဖုန်း-၀၉-၈၆၂၀၀၈၁၊ ဦးဇော်လင်းမောင် ဖုန်း-၀၉-၅၀၀၀၁၉၁၊ ဦးစိုးနိုင် ဖုန်း-၀၉-၃၁၇၃၂၆၁၄၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁၈၁၀၆၅၊ ဦးမောင်မောင်ကြည်ဝင်း ဖုန်း-၀၉-၄၉၂၆၇၆၉၅၊ ဦးမြသန်း ဖုန်း-၀၉-၅၅၀၀၉၃၅ တို့သို့ ဆက်သွယ်၍ အလှူငွေများလှူဒါန်းနိုင်ပါကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဗေယျ ၅၉-၆၀ သင်တန်းဆင်းဥပဒေအရာရှိများ**

**ပညာရည်ချွန်ဆုချီးမြှင့်ရန်ဖိတ်ကြားခြင်း**

တန်မျိုးနွယ်များ(အိန်းချွမ်း/စွန့်ကေ)၏ သား/သမီးများထဲမှ ၂၀၁၃- ၂၀၁၄ စာသင်နှစ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို ဆုချီးမြှင့်လိုပါသဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**အိန်းချွမ်းတောင်ဘုရားကျောင်း**
**၅၇/၅၉၊ လသာလမ်း(အောက်လမ်း)၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၄၁၂**

ဆုချီးမြှင့်မည့်ရက် - ၈-၁၀-၂၀၁၄ ရက် (သီတင်းကျွတ်လပြည့်နေ့) ၄-၁၀-၂၀၁၄ ရက်နောက်ဆုံးထား၍ စာရင်းပေးပါရန် ပန်ကြားအပ်ပါသည်။

**နံနက်** - ၈း၃၀ နာရီမှ ၁၁း၀၀ နာရီ
**ညနေ** - ၃း၀၀ နာရီမှ ၅း၀၀ နာရီ
**ည** - ၇း၀၀ နာရီမှ ၉း၀၀ နာရီ ပိတ်ရက်မရှိပါ။

**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အမိုးပြုပြင်ရန်အတွက် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် အမိုးပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၄ ရက်
**တင်ဒါဖွင့်ရက်** - ၂၅-၁၀-၂၀၁၄ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဆက်သွယ်ရန်ဖုန်း-၀၅၈-၂၁၁၈၁**

**ဦးတင်အောင် ၁၂/သဃက(နိုင်)၁၃၈၇၆၆ ၏ (၂၆-၆-၂၀၁၄) (၈-၈-၂၀၁၄) (၂၁-၉-၂၀၁၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာချက်များအပေါ်**
**အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဖေယျာသုခလမ်း၊ အမှတ်(၉၀)နေ ကျွန်ုပ်၏ မိတ်ဆွေ ဦးချစ်လှိုင် (S/ DGNMTT-၀၀၀၃၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဦးချစ်လှိုင်သည် ဦးတင်အောင် ကြော်ငြာခဲ့သည့် မြေကွက်နှစ်ကွက်ကို မည်သည့်အခါကမျှ ဦးတင်အောင်သို့ဖြစ်စေ အခြားသူတစ်ဦးတစ်ယောက်သို့ဖြစ်စေ မရောင်းချခဲ့ဖူးပါ။ ၁၀-၆-၂၀၁၄ ရက်တွင် လုပ်ငန်းသုံးငွေလိုအပ်သဖြင့် ဦးချစ်လှိုင်က ဦးလေးအရင်းတော်သူ ဦးအောင်ဇင် (Chairmam, Mico Group of Co.,Ltd)နှင့် ညှိနှိုင်းသဘောတူညီပြီး ငွေချေးယူခဲ့ရာ အာမခံသဘောအဖြစ် အဆိုပါအိမ်နှင့် မြေကွက်များအား ဦးအောင်ဇင်၏ တောင်းဆိုချက်အရ အရောင်းအဝယ်စရန်ပေးကတိစာချုပ် ဟန်ဆောင်ချုပ်ဆိုပေးခဲ့ရခြင်းသာဖြစ်ပါသည်။ ထိုဟန်ဆောင်စာချုပ်ချုပ်ဆိုရာတွင် ဦးအောင်ဇင်၏ ညွှန်ကြားချက်အရ ၎င်းနှင့်အလုပ်အတူလုပ်ကိုင်သူ ဦးတင်အောင်အား အမည်ခံထည့်သွင်းပေးခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဦးတင်အောင်၏ ကြေညာချက်မှာ (လုံး၀)လုံးဝမှန်ကန်မှုမရှိ ဟန်ဆောင်ချုပ်ဆိုသည့် ငွေချေးအပေါင်စာချုပ်များသာ ဖြစ်သဖြင့် ဦးတင်အောင်ကြေညာချက်များကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းသန်းဦး B.Sc, R.L, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၅/၈၆)**
**အမှတ် ၄၇၊ ၃၁လမ်း၊ ၆၉×၇၀ ကြား၊ မန္တလေး**

**ဆည်မြောင်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်သီးသန့်ရန်ပုံငွေဖြင့် ပန်းလှိုင်မြစ် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မြေကြီးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** - ၁-၁၀-၂၀၁၄ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၁-၁၀-၂၀၁၄ ရက်၊ ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ
**နေရာ** - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၁) ဆည်မြောင်းဦးစီးဌာန၊ လှည်းကူးမြို့၊

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၆၂၉၀၂၉၊ ၀၉-၄၂၁၁၆၈၀၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

◆ **ရှေ့ဖုံးမှ**

**ဦးကျော်ဦး**
**ပါမောက္ခချုပ်(အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)**

**မေး။ ပြိုင်ပွဲအတွက် မြန်မာယဉ်ကျေးမှုအဖွဲ့တွေရဲ့ တင်ဆက်မှုအပိုင်းကို ပြောပြပေးပါ။**

ဖြေ။ ကျွန်တော်တို့ကျောင်းက ပြပွဲ အဖွင့်နဲ့ အပိတ်သီချင်းတွေအတွက် အကဖျော်ဖြေမှု၊ မြန်မာ့ရိုးရာ သရုပ်သဏ္ဌာန် ကမူဟန်နဲ့ ရုပ်သေးအကကို တင်ဆက်ပြသမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာသံစဉ် ကိုးဂီတနဲ့ တီးခတ်ဖျော်ဖြေသွားဖို့ရှိပြီး မြန်မာ့ဆိုင်းဝိုင်းဖျော်ဖြေမှု၊ တက္ကသိုလ်အငြိမ့်ဖြစ်တဲ့ ကုမုဒြာ အငြိမ့်ပွဲ၊ အာဆီယံဝတ်စားဆင်ယင်မှုပြပွဲ၊ မြန်မာတွေရဲ့ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြပွဲ၊ မင်္ဂလာဝတ်စုံဆင်ယင်ထုံးဖွဲ့မှုပြပွဲတွေ ပါဝင်ပါတယ်။ မြန်မာက အိမ်ရှင်အဖြစ် လက်ခံကျင်းပရလို့ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေတင်ဆက်မှု အများဆုံး တာဝန်ယူရမှာဖြစ်ပြီး ကျန်တဲ့ကိုးနိုင်ငံကတော့ ရိုးရာဂီတတွေကို ဖော်ထုတ်သွားမှာဖြစ်ပါတယ်။

**မေး။ ပြပွဲရဲ့ အစီအစဉ်တွေနဲ့ အများပြည်သူတွေကြည့်ရှုနိုင်ဖို့ စီစဉ်ထားတဲ့အပိုင်းကို သိပါရစေ။**

ဖြေ။ ပြပွဲမှာအစီအစဉ် ၁၇ ခု ပါဝင်ပါတယ်။ အာဆီယံသုံးနိုင်ငံ ဖျော်ဖြေပြီးတိုင်း မြန်မာနိုင်ငံက တင်ဆက်မှုအစီအစဉ်ကို ထည့်သွင်းပြီး ဖျော်ဖြေသွားမှာပါ။ ကျွန်တော်တို့က အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်တာဝန်ယူရတာမို့ အခက်အခဲတွေတော့ အများကြီးရှိပါတယ်။ ဝင်ကြေးကတော့ အခမဲ့ဖြစ်ပါတယ်။ အမျိုးသားဇာတ်ရုံက ဦးရေ ၁၆၀၀ လောက်ဆံ့တော့ ရုံပြည့်သည်အထိ ကြည့်ရှုနိုင်ကြမှာပါ။ လုံခြုံရေးအတွက် အထူးအစီအမံတွေ ထားရှိပါတယ်။ အမျိုးသားဇာတ်ရုံကားရပ်နားရာနေရာတွေမှာ အာဆီယံနိုင်ငံတွေက အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်း ၁၀၀ကျော် ခင်းကျင်းထားတဲ့အတွက် ယာဉ်ရပ်နားဖို့ အခက်အခဲတော့ ရှိနိုင်ပါတယ်။ ဆိုင်ခန်းပေါင်း ၆၁ ခန်းက အာဆီယံ ၁၀ နိုင်ငံရဲ့ရိုးရာ အစားအစာတွေကို ရောင်းချပေးမှာဖြစ်ပြီး နိုင်ငံအလိုက် ရိုးရာပစ္စည်းအရောင်းဆိုင် ၄၁ ဆိုင်နဲ့ အာဆီယံနိုင်ငံအသီးသီးက သံရုံးပြခန်း ၁၂ခန်း ပါဝင်မှာ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ ယဉ်ကျေးမှုတွေကို တစ်နေရာတည်းမှာ တစ်စုတည်းပြသထားလို့ လာရောက်လေ့လာနိုင်ပါတယ်။

**မေး။ ပြပွဲကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ဆရာတို့အတွက် အာဆီယံယဉ်ကျေးမှုပြပွဲကနေ မြန်မာ့ယဉ်ကျေးမှုအတွက် ဘယ်လိုအရာတွေ သင်ယူရရှိနိုင်မလဲ။**

ဖြေ။ အာဆီယံအဖွဲ့အစည်းကို ၁၉၆၇ခုနှစ်မှာစတင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ်မှ ဝင်ရောက်ခဲ့တာပါ။ ကျွန်တော်တို့ဟာ ဒေသတွင်းနိုင်ငံတွေ ဖြစ်ပေမယ့် ယဉ်ကျေးမှုနဲ့ အနုပညာက တူမယောင်နဲ့ ကွာခြားတာတွေအများကြီးရှိပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရင်းနှီးကျွမ်းဝင်ဖို့အတွက် ယဉ်ကျေးမှုချင်း ဖလှယ်မှုက အလွယ်ကူဆုံးဖြစ်သလို ယဉ်ကျေးမှုမတူညီချင်းကလည်း ထိရှလွယ်တဲ့ အနေအထားတွေ ကြုံတွေ့နိုင်ပါတယ်။ သို့သော် နောက်ပိုင်းမှာ အာဆီယံနိုင်ငံတွေရဲ့ ပညာရေး၊ အလုပ်အကိုင်နဲ့ ယဉ်ကျေးမှုတွေကို ညှိနှိုင်းလာကြတယ်။ ဥပမာပြောရရင် အလုပ်သမားတွေရဲ့ အရည်အသွေးကို တစ်ပြေးညီ သတ်မှတ်လာသလို ပညာရေးမှာ သင်ကြားမှု Level တွေကို ညှိနှိုင်းလာကြပါတယ်။ အနုပညာနဲ့ ယဉ်ကျေးမှုအပိုင်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်လာကြရာကနေ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နားလည်မှု၊ ချစ်ကြည်မှုတွေ ပိုမိုတည်ဆောက်လာနိုင်ဖို့အတွက် ယဉ်ကျေးမှု ဖလှယ်ပွဲတွေက အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့အတွက် အနုပညာနဲ့ ယဉ်ကျေးမှုကနေ ရင်ဘတ်ချင်းဖလှယ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ အနုပညာတိုးတက်မှု၊ ရှေးဟောင်း ယဉ်ကျေးမှု အနုသုခုမတွေကို ဖော်ထုတ်နိုင်ပြီး ဗဟုသုတများစွာ ရရှိစေပါတယ်။

**မစ္စတာ ခမ်ပန်းဖိုင်တိုနစီချ်**
**(ဂီတပညာရှင်)**
**လာအို**

**မေး။ လာရောက်ဖျော်ဖြေဖြစ်ခဲ့ပုံနဲ့ ဘယ်လိုဂီတဖျော်ဖြေမှုတွေ တင်ဆက်မလဲရှင့်။**

ဖြေ။ ကျွန်တော်တို့ အဖွဲ့ စုစုပေါင်းလေးဦးပါဝင်တယ်။ ရိုးရာလာအိုဂီတကို ဖျော်ဖြေမှာဖြစ်ပါတယ်။ Khaen ၊Kachaboih ၊ Vod ၊ Phi ဆိုတဲ့ ရိုးရာတူရိယာလေးမျိုးနဲ့ ငါးမိနစ်တာ တီးခတ်ဖျော်ဖြေသွားဖို့ ပြင်ဆင်ထားပါတယ်။ သီချင်းရဲ့ အမည်ကတော့ လာအို People Democratic Republic လို့ခေါ်တဲ့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ သံစဉ်ဖြစ်ပါတယ်။ လာရောက်ဖျော်ဖြေဖို့အတွက် မျိုးဆက်သစ်လူငယ်တွေကို ရွေးချယ် လေ့ကျင့်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အရေးကြီးတဲ့ ဂီတဖျော်ဖြေမှုတစ်ခုလို့ ခံယူထားပါတယ်။

**မေး။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးတဲ့ အနုပညာပြပွဲအပေါ် လာအိုအဖွဲ့ရဲ့ အမြင်နဲ့ သဘောထားကိုသိပါရစေ။**

ဖြေ။ ကျွန်တော်တို့အတွက် မြန်မာနိုင်ငံကိုလာရောက်ခွင့်ရတာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ် ချစ်ကြည်ရေးဖျော်ဖြေမှုကို ၁၉၉၇မှာ ပြုလုပ်ပေးခဲ့ဖူးပါတယ်။ အခုအကြိမ်မှာမြင်တွေ့ရတာ မြန်မာနိုင်ငံက အလွန်ခေတ်မီဖွံ့ဖြိုးလာခဲ့ပြီ။ အခုလို အာဆီယံဥက္ကဋ္ဌအဖြစ် အဆင့်အတန်းပြည့်မီစွာ လက်ခံကျင်းပနေတာကို တွေ့ရလို့ ဂုဏ်ယူမိပါတယ်။ ပြီးပြည့်စုံတဲ့ အာဆီယံအနုပညာယဉ်ကျေးမှုပြပွဲဖြစ်တယ်လို့ ပြောပါရစေ။

**မစ္စတာ အွန်မား**
**(အနုပညာအဖွဲ့ခေါင်းဆောင်)**
**ဘရူနိုင်း**



**မေး။ သီဆိုဖျော်ဖြေမယ့် သီချင်းအကြောင်းနဲ့ အသုံးပြုမယ့် တူရိယာတွေအကြောင်းကို သိပါရစေ။**

ဖြေ။ ကျွန်တော်တို့ ဘရူနိုင်းရိုးရာဂီတနဲ့ ဖွဲ့ဆိုထားတဲ့သီချင်းကို တင်ဆက်မှာပါ။ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့တိုင်းပြည်ကနေ နွေးထွေးစွာကြိုဆိုတဲ့အကြောင်း ဖြစ်ပါတယ်။ အဖွဲ့သားတွေက လူငယ်တွေအများစုဖြစ်ပြီး မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် လာရောက်ရလို့ စိတ်လှုပ်ရှားမိတယ်။ မြန်မာပရိသတ်ကြီးက ကျွန်တော်တို့ ဂီတကို နားဆင်ရင်း ပျော်ရွှင်မှုတွေ၊ တက်ကြွမှုတွေ ရရှိလာစေမယ်လို့ အာမခံပါတယ်။ အဓိကကတော့ သစ်တောထွက် ဝါးနဲ့ သစ်သားကိုအခြေခံပြုလုပ်ထားတဲ့ ရိုးရာတူရိယာတွေကို အသုံးပြုတင်ဆက်သွားမှာ ဖြစ်ပါတယ်။

**မေး။ အာဆီယံ ယဉ်ကျေးမှုပြပွဲအပေါ် ယဉ်ကျေးမှုအဖွဲ့ရဲ့ ခံစားမှုကို ပြောပြပေးပါဦး။**

ဖြေ။ ရင်ခုန်ပါတယ်။ အမှန်ပြောရရင် ကျွန်တော်တို့ ရိုးရာသီချင်းတွေကို ကိုယ့်တိုင်းပြည်မှာ ပျောက်ကွယ်မသွားအောင် မနည်းကြိုးစားနေရတယ်။ အခုမြန်မာနိုင်ငံမှာ လာရောက်ဖျော်ဖြေရတာဖြစ်လို့ ကျေးဇူးတင်ပါတယ်။ အာဆီယံဆိုတာ အကောင်းဆုံး အဖွဲ့အစည်းလို့ ကျွန်တော်ယုံကြည်တယ်။ အခြားဒေသတွင်း အဖွဲ့အစည်းတွေထက် ယှဉ်ရင် ကျွန်တော်တို့ ၁၀ နိုင်ငံက ယဉ်ကျေးမှု အနီးစပ်ဆုံးလို့ ထင်မြင်မိပါတယ်။ ပိုပြီးပေါင်းစည်းခွင့်၊ ဖလှယ်ခွင့်ရဖို့ အခွင့်ကောင်းတစ်ရပ်ပါပဲ။

**မေး။ မနှစ်က အာဆီယံဥက္ကဋ္ဌနေရာကို ဘရူနိုင်းက တာဝန်ယူထားပြီး ယဉ်ကျေးမှုပြပွဲကို ကျင်းပခွင့်ရရှိခဲ့တာ။ ဒီနှစ်ကျွန်မတို့နိုင်ငံမှာ ကျင်းပခွင့်ရခဲ့တယ်။ ကွာခြားမှုတွေ တွေ့ရပါလားရှင့်။**

ဖြေ။ ကွာခြားမှု မရှိပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ကျင်းပတုန်းကလည်း အကောင်းဆုံး တင်ဆက်ပြသခဲ့ပါတယ်။ အခု မြန်မာနိုင်ငံကို ရောက်လာတယ်။ ခင်ဗျားတို့နိုင်ငံကလည်း အကောင်းဆုံးစီစဉ်ထားတယ်။ အသံစနစ်ရော၊ စင်မြင့်အပြင်အဆင်ရော၊ အရောင်းပြခန်းတွေရော ကျွန်တော်အားလုံး လေ့လာပြီးပါပြီ။ ပရိသတ်တွေများများ လာရောက်ကြည့်ရှုစေချင်တယ်။

**မစ္စတာ နိုနိုင်းလန်ဇာနန်မ်**
**(ကျွန်းစုမျိုးနွယ်ရိုးရာဂီတပညာရှင်)**
**ဖိလစ်ပိုင်**

**မေး။ ဖျော်ဖြေပေးမယ့် အစီအစဉ်နဲ့ ပြင်ဆင်လာခဲ့တာတွေကို ပြောပြပေးပါရှင့်။**

ဖြေ။ ဖိလစ်ပိုင်နိုင်ငံရဲ့ ကျော်ကြားတဲ့ Island Music ကို ဖော်ထုတ်မှာပါ။ ကျွန်တော်တို့နိုင်ငံမှာ တောင် ဒီဂီတအမျိုးအစားက ပျောက်ကွယ်လုနီးပါး ဖြစ်နေရတယ်။ နိုင်ငံတော်ကနေ ပြန်လည်ရှာဖွေဖော်ထုတ်ပေးနေတာပါ။ ကျွန်တော့်ကို ကျွန်တော့်အဖိုးကနေ လက်ဆင့်ကမ်းပေးထားတဲ့ဂီတဖြစ်လို့ ကျွန်တော် အသက်တမျှ တန်ဖိုးထားပါတယ်။ အဲဒါကို ကျွန်တော့်ရဲ့ ဂီတမြေးမြစ်တွေကိုအမွေပေးတယ်။ အာဆီယံနိုင်ငံတွေအလယ်မှာ ချပြခွင့်ရလို့ ဂုဏ်ယူစွာ တင်ဆက်သွားမယ်။



**မေး။ ဖျော်ဖြေမယ့် တူရိယာတွေနဲ့ တာဝန်ခွဲဝေယူမှုတွေကို ပြောပြပေးပါဦး။**

ဖြေ။ ကျွန်တော်တို့ လေးဦးပါဝင်ပြီး ရိုးရာဂီတပစ္စည်းတွေနဲ့ ဖျော်ဖြေမှာပါ။ ဝါးနဲ့ကျွန်းသစ်ကို အခြေခံထားတဲ့ ကျွန်တော်တို့ရဲ့ တူရိယာတွေက ရုတ်တရက် ကြည့်ရင် ခင်ဗျားတို့ရိုးရာ တူရိယာတွေနဲ့ အခြေခံတူညီပါလိမ့်မယ်။ မတူညီတာကတော့ တင်ဆက်မှုအပိုင်းပေါ့ဗျာ။ အင်ဒိုနီးရှားက ယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေတာ တွေ့တယ်။ လေမှုတ်ပလွေချင်းတော့ တူပါတယ်။ ထွက်ရှိတဲ့ အသံစနစ်နဲ့ ကိုင်တွယ်အသုံးပြုပုံက ခြားနားတယ်လေ။ ကျွန်တော်တို့က အဆိုနှစ်ဦး၊ အတီးနှစ်ဦးနဲ့ မြိုင်ဆိုင်စွာ တင်ဆက်သွားမယ်။ အတီးအမှုတ်နဲ့ အဆိုကို ပေါင်းစပ်ပြီး ဖျော်ဖြေမယ်။ ဝမ်းနည်းစရာကောင်းတာက အကအဖွဲ့ မပါလာနိုင်တာကိုပါ။ အကလေးနဲ့ဆိုရင်တော့ ပိုမြိုင်ဆိုင်တာပေါ့။

ဖြေကြားပေးပါသော အာဆီယံနိုင်ငံအချို့မှ တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ပါသည်။

**(မြန်မာ့အလင်း)**










**နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း**

ဦးအက်(စ်)ဟူစိန်၏သား ဦးချစ်လွင် ၁၂/ဒဂမ(နိုင်)၀၁၆၀၀၁၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၂၀၃၂၃၃

## သီတင်းကျွတ်အကြို ဈေးရောင်းပွဲတော်

Silk & Style
HOUSE OF EXCLUSIVE SILK FABRICS

Silk & Style ပိုးထည်ဆိုင်မိသားစုမှ ဝါကျွတ်ကာလအခါသမယတွင် လူကြီးမိဘဆရာသမားများအား ဂါရဝပြုကန်တော့ရန်အတွက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း အပြန်အလှန်လက်ဆောင်ပေးရန်အတွက်လည်းကောင်း ရည်ရွယ်၍ အစဉ်အမြဲဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအတွက် အထူးဈေးရောင်းပွဲတော်ကို ၁-၁၀-၂၀၁၄ရက်မှ ၇-၁၀-၂၀၁၄ ရက်အထိ ရောင်းချပေးသွားပါမည်။

မြန်မာ့ရိုးရာကြိုးကြိုးချိတ်ဒီဇိုင်းဆန်းများ၊ ကွန်ပျူတာပန်းထိုးချိတ်များ၊ Chiffon ပန်းထိုးအမျိုးမျိုး အရည်အသွေးမြင့် နိုင်ငံခြားဖြစ် ဇာအမျိုးမျိုးတို့ကို အထူးလျှော့ဈေးနှုန်းများဖြင့် ၁၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ရောင်းချပေးသွားမည်ဖြစ်ပါ၍ မိတ်ဟောင်းမိတ်သစ်များကို လာရောက်ကြည့်ရှုအားပေးကြပါရန် လှိုက်လှဲစွာဖိတ်ခေါ်အပ်ပါသည်။

အချိန် - နံနက် ၉:၃၀ မှ ညနေ ၅:၃၀
နေရာ - အခန်း(၀၀၃) Condo (C) တက္ကသိုလ်ရိပ်မွန်အိမ်ရာ
ဖုန်း - ၀၁-၄၀၁၄၈၈၊ ၀၁-၅၆၇၅၁၈

# စက်တင်ဘာ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံမှအားကစားအဖွဲ့များ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော ပွဲစဉ်များ

**အင်ချွန်း စက်တင်ဘာ ၃၀**

အိမ်ရှင်အဖြစ် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပလျက်ရှိသော (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် စက်တင်ဘာလ ၃၀ ရက် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မှုများမှာ အင်ချွန်းမြို့ ဘူဖျောင်ပိုက်ကျော်ခြင်း၊ အားကစားရုံ၌ ကျင်းပလျက်ရှိသော အမျိုးသားသုံးယောက်တွဲ (Regue) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအဖြစ် မြန်မာအမျိုးသားအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအမျိုးသားအသင်းမှ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ နှစ်နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် စင်ကာပူအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသားအသင်းမှ နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် အင်ချွန်းမြို့ အားကစားရုံ၌ ကျင်းပသော နပန်း ၅၉ ကီလိုတန်းပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဝဏ္ဏာထွန်းနှင့်မြောက်ကိုရီးယားနိုင်ငံကစားသမားတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်ကိုရီးယားအားကစားသမားက ရှစ်မှတ်အပြတ်ဖြင့်လည်းကောင်း၊ အမျိုးသား ဘော်လီဘောပွဲစဉ် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတွင် မြန်မာအမျိုးသားဘော်လီဘောအသင်းက ဟောင်ကောင်အမျိုးသားဘော်လီဘောအသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ယနေ့အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲ (Regue) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မြန်မာအမျိုးသားအသင်းနှင့်လာအိုအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နပန်းပြိုင်ပွဲ ၆၀ ကီလိုတန်းကို မြန်မာနိုင်ငံမှ အားကစားသမားထွန်းအောင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့နောက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တိုက်ကွမ်ဒိုပွဲစဉ်များ၌ နွေးနွေး ၄၆ ကီလိုတန်းနှင့်အိန္ဒြာအောင် ၄၉ ကီလိုတန်းတို့ ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဘော်လီဘောအဆင့်သတ်မှတ်ချက်ပြိုင်ပွဲကို မြန်မာနိုင်ငံအမျိုးသားအသင်းနှင့်တာဂျီကစ္စတန်အမျိုးသား အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



## ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**ပြည် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ (၃၃)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ပြည်မြို့ ဗိုလ်ချုပ်လမ်း ဆံတော်ရပ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားတွင် ဆန်လှူအသင်းကြီး၏ဩဝါဒါစရိယဆရာတော်ကြီးများကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **မင်းလွင်(ပြည်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသန့်ရှင်း

**ရန်ကုန် စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုမြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းမတော်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကြည် ဦးဆောင်သော ရဲတပ်ဖွဲ့နှင့် မိသားစုဝင် ၅၀ တို့က စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီ က အထက(၁) လမ်းမတော် ဧရာဆောင်အရှေ့မျက်နှာစာနှင့် ကျောင်းဝင်းအတွင်း စုပေါင်း၍ မြက်များခုတ်ထွင်သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ **အောင်သူရ**

# အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်း



**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြိုင်ပွဲတစ်ခုလုံးအတွက် စီစဉ်ဆောင်ရွက်နေမှုများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီမံဒါရိုက်တာနှင့် မီဒီယာဒါရိုက်တာ ဦးစိုးမိုးကျော်က ပြိုင်ပွဲ၏ အထွေထွေကိစ္စရပ်များ၊ လက်မှတ်ရောင်းချရေးတာဝန်ခံဦးရဲမျိုးဟိန်းက လက်မှတ်ရောင်းချရေးစီစဉ်ထားမှုများ၊ လုံခြုံရေးတာဝန်ခံဦးအေးချိုက ပြိုင်ပွဲ၌ ဆောင်ရွက်မည့် လုံခြုံရေးအခြေအနေများ၊ မီဒီယာဌာန ဒု-တာဝန်ခံဦးဇော်မင်းထိုက်က မီဒီယာများအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော မီဒီယာများက သိလိုသည်များကို မေးမြန်းကြသည်။

အာရှ ယူ-၁၉ ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက် မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က) နှင့်(ခ) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် အုပ်စု(ဂ) နှင့်(ဃ) ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတို့တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ် နောက်ဆုံးပွဲများကို သုဝဏ္ဏကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်းတို့၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အိမ်ရှင်မြန်မာအသင်းမှာ အုပ်စု (က) ၌ အီရန်၊ ထိုင်း၊ ယီမင်တို့နှင့်အတူ ကျရောက်နေပြီး အုပ်စု (ခ)၌ ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ ၊ ယူအေအီး၊ အင်ဒိုနီးရှား ၊ အုပ်စု (ဂ) ၌ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အုပ်စု (ဃ) ၌ အီရတ်၊ မြောက်ကိုရီးယား၊ ကာတာနှင့် အိုမန်တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပွဲကြည့်လက်မှတ်များကို ပြိုင်ပွဲ တစ်ခုလုံး အတွက် Special Package Ticket နှင့် ပွဲတစ်ပွဲချင်း အလိုက်ဟူ၍ နှစ်မျိုးခွဲ၍ ရောင်းချသွားမည်ဖြစ်သည်။ Special Package လက်မှတ်များကို အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ဘောလုံးအဖွဲ့ချုပ်တွင် တစ်စောင်လျှင် ငွေကျပ်ငါးထောင်နှုန်းဖြင့် စောင်ရေ နှစ်ထောင်ခန့် ရောင်းချပေးမည်ဖြစ်သည်။ ပွဲတစ်ပွဲချင်း အလိုက်လက်မှတ်များကို ပွဲမကစားမီ တစ်ရက်နှင့် ပွဲကစားမည့်ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၊ စလင်းကွင်းနှင့် အောင်ဆန်းကွင်းတို့၌ နေရာသုံးခုခွဲ၍ ရောင်းချပေးသွားမည်ဖြစ်သည်။ အထူးတန်းငွေကျပ်ငါးထောင်၊ ရိုးရိုးတန်းငွေကျပ်နှစ်ထောင်သတ်မှတ်ထားပြီး ပွဲတစ်ပွဲလျှင် အထူးတန်း ၄၆၈၉ စောင်နှင့်ရိုးရိုးတန်း ၂၀၇၀၄ စောင်တို့ကို ရောင်းချပေးမည် ဖြစ်သည်။ ပြိုင်ပွဲတွင် မလိုလားအပ်သည့် ပြဿနာများ၊ ပရိသတ်များ၏ အလွန်အကြူး အားပေးမှုများ မရှိစေရန် လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပြီး အရက်သေစာသောက်သုံးထားသည့် ပရိသတ်များကို ကြည့်ရှုခွင့်ပြုမည်မဟုတ်ကြောင်း သိရှိရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



ကြော်ငြာ


THADINGYUT
Value Offerings
CRYSTAL
EXECUTIVE CONDOMINIUM
FACILITIES
OFFICES & MARTS
SWIMMING POOL WITH SIDE DECK
GYMNASIUM
WATER LOUNGE
PARKING FOR EVERY UNIT
ADDITIONAL 20% GUEST PARKING
PASSENGER LIFT [ 2 ] NOS
CAR LIFT [ 1 ] NO
INTERNET [ FIBRE LINE ]
24 HR BACK UP GENERATOR
[ FOR LIFT & SECURITY ]
PRIVATE TRANSFORMER
FREEHOLD LAND
EARLY BIRD PROMOTION
Only On October > 10% Off [ For First - 10 Units ]
Only On November > 5% Off [ For Any Units ]
30 Months FLEXIBLE PAYMENT PLAN
PYI THAR YAR ST
WAIZAYANTAR RD
LAY DAUNGKAN RD
THANTHUMAR RD
ECLION GLOBAL
REAL HOME
SALES OFFICE 1
NO.001, BUILDING NO.(B), THANTHU MAR ROAD,
24 THUWANA BLOCK, THINGANGYUN TOWNSHIP.
TEL : +95 -1- 563737, +95-9-730 98007, 73098998
SALES OFFICE 2
EAST HORSE RACE COURSE ROAD, TARMWE.
TEL : +95 -9 -73489999, +95-1-8604483
REAL HOME
ECLION
ARCHITECT
STRUCTURE

# မူဆယ်ဒေသက ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်း

ကမ္ဘာ့နိုင်ငံများစွာအနက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ အမျိုးသားရေးကြွန်အင်လက္ခဏာ၊ သမိုင်းကြောင်းနှင့် ရေမြေသဘာဝ၊ ပင်လယ်ကမ်းရိုးတန်း၊ တောင်တန်းပထဝီမြေကို ပိုင်ဆိုင်သော နိုင်ငံအနည်းငယ်ထဲတွင် အမိမြေမြန်မာနိုင်ငံ ပါဝင်ပါသည်။

မိမိတို့၏ မျိုးရိုးဇာတိမြေအား သမိုင်းမတင်မီမှ ယနေ့အချိန်အထိ ထိန်းသိမ်းပိုင်ဆိုင်နိုင်ခြင်းမှာ မိဘများ၏ သွန်သင်ပြသမှုကို အမွေခံလျက်မြေဝယ်မကျ နာယူခဲ့ကြသော၊ ယဉ်ကျေးလိမ္မာသော မိဘဘိုးဘွားများ၏ ကောင်းမြတ်သော အမွေကောင်းများကြောင့်ဟု ဆိုချင်ပါသည်။

မြန်မာ့လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုသည် ရှေးအဆက်ဆက်အစဉ်အလာမြင့်မားခဲ့ပေသည်။ ထိုသို့သောအစဉ်အလာကို ရှေးအခါ ဘုန်းတော်ကြီးကျောင်းများက မြန်မာ့လူမှုဘဝကို အသိအလိမ္မာတိုးပွားစေခဲ့ခြင်းဖြစ်ပါသည်။ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသကဲ့သို့ မြန်မာမိသားစုတွင် အမိဖြစ်သော မိခင်များသည် သားသမီးများ လိမ္မာယဉ်ကျေး၊ စာရိတ္တကောင်းမွန်စေရာတွင်အဓိက အခရာများဖြစ်ကြောင်း တင်ပြလိုပါသည်။

မြန်မာအမျိုးသမီး(မိခင်)များသည် ရင်သွေးသားသမီးများကို ငယ်ရွယ်စဉ်က အိပ်ရာဝင်ပုံပြင်ဖြင့် သွန်သင်လျက် ပညာရေးဗဟုသုတကို စတင်ဖြန့်ဖြူးပေးခဲ့ပေသည်။ ထိုကဲ့သို့ကောင်းမွန်သော မြန်မာ့လူနေမှုဘဝနှင့် အမိနိုင်ငံကို ချစ်မြတ်နိုးသော သားကောင်းသမီးရတနာများကို မွေးထုတ်ပေးခဲ့ရာတွင် ခေတ်စနစ်အမျိုးမျိုးပြောင်းလဲလာလျက်ရှိသော ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများနှင့် အတူတိုးတက်သောရုပ်ဝတ္ထုတို့အပေါ် လူသားအခြေခံစိတ်ဓာတ် ကိန်းအောင်းနိုင်ရန် လိုအပ်လှပေသည်။

ခေတ်စနစ်၏ ရုပ်ဝတ္ထုပိုင်းတိုးတက်လွန်မှုအပေါ် စိတ်ဓာတ်ပိုင်းလိုက်ပါဖွံ့ဖြိုးမှုမရှိပါက လူသားအချင်းချင်းအဘယ်သို့ တန်ဖိုးထားနိုင်ပါမည်နည်း။ နိုင်ငံသားများ၏ ယဉ်ကျေးလိမ္မာရှိမှုသည် ယနေ့အချိန်အခါတွင် လိုအပ်လျက်ရှိပေသည်။

နိုင်ငံတစ်ဝန်း လူငယ်များယဉ်ကျေးမှုသမိုင်းကောင်းများကို တန်ဖိုးထားတတ်စေရန် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်တိုင်း ယဉ်ကျေးလိမ္မာသင်တန်းများကို အနယ်နယ်အရပ်ရပ်တွင် မိမိဒေသနှင့်လျော်ညီစွာ လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအသင်းအဖွဲ့များက ဦးစီးလျက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြပေသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ (နယ်စပ်မြို့) လူပေါင်းစုံ စရိုက်မျိုးစုံရှိသည့်ဒေသတွင် ယဉ်ကျေးသော ဗဟုသုတအသိပညာ မြင့်မားသော လူသားအရင်းအမြစ်များစွာ ရှိရန်လိုအပ်ပေရာ ထိုကွက်လပ်ကို ဖြည့်ဆည်းပေးရန်အတွက် ရည်ရွယ်ပြီး ဆရာတော်များ၊ ဦးစီးဦးရွက်ပြုလျက် **ယဉ်ကျေးလိမ္မာဓမ္မ ပညာပါရမီကျောင်းဆောင်** ကို အစပြုဆောက်လုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။



ထိုယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်းဆောင် ဆောက်လုပ်ပြီးစီးပါက ဒေသတွင်းလူငယ်များ အသိလိမ္မာယဉ်ကျေးစေရာ၊ စာရိတ္တ၊ ပြည်သူ့နီတိတက္ကသိုလ်သဖွယ် မိဘပြည်သူများအားကိုးရာ ဖြစ်လာမည်ဖြစ်ပါသည်။ မူဆယ်ဒေသ ဆရာတော်ကြီးများဦးစီးပြီး ကျောင်းဆောင်သစ်အဆောက်အအုံကြီး ဆောက်လုပ်ရန်ပထမဦးဆုံး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် မူဆယ်မြို့ ရွှေသမင်နန္ဒဝန် ကျောင်းတိုက်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

ထိုသို့ ယဉ်ကျေးလိမ္မာ ဓမ္မပညာပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရေး အတွက် မူဆယ်မြို့ ရွှေသမင်ကျောင်းတိုက် ဦးစီးနာယကဆရာတော်များက မတည်အလှူငွေကျပ်သိန်း ၅၀၀ စတင်လှူဒါန်းခဲ့ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်မိသားစုက ကျပ်သိန်း ၅၀၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီးဒေါ်ဖြူဖြူညွန့်က ငွေကျပ်သိန်း ၂၀၊ ရှမ်းပိဋကတ်စာပေ ထောက်ပံ့ရေးအဖွဲ့၊ ဒေါ်ရိုစီနှင့် သားသမီးများ(ကျားပုံရွှေဆိုင်)၊ ဦးရှိန်ဖုးမိသားစု (ရွှေစပါးကုမ္ပဏီလီမိတက်)တို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးကျော်ကျော်ဝင်းနှင့် ဇနီးဒေါ်ရင်မေ (နယူးစတားလိုက်ကုမ္ပဏီလီမိတက်)မိသားစုက ငွေကျပ်သိန်း ၃၀၀၊ ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ဝင်းမြင့်(ရှမ်းပြည်နယ်အစိုးရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မိသားစု)၊ ဦးကျော်ကျော်ဝင်းမိသားစု (သိန်းသန်းချိုကုမ္ပဏီ)တို့က ငွေကျပ်သိန်း ၅၀ စီ၊ ဦးအိုက်ထွန်းနှင့်ဇနီး ဒေါ်အားညာ(ရင်ရန်ဟိုတယ်)က ကျပ်ငွေသိန်း ၄၀၊ မြတ်သဒ္ဒါဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀ ဒသမ ၄၃၊ ဂရိတ်ဟော်ခမ်းကုမ္ပဏီ၊ ဦးကိုကိုကြီးနှင့်ဇနီး ဒေါ်မျိုးပပ(အော်စကာစတိုး) ထုံမောလုံကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၀ စီ၊ အလှူရှင် ၁၃ ဦးက ငွေကျပ်သိန်း ၂၀ စီ၊ အလှူရှင်နှစ်ဦးကငွေကျပ် ၁၅ သိန်းစီ၊ အလှူရှင် ၂၃ ဦးက ငွေကျပ် ၁၀ သိန်းစီ၊ အလှူရှင် ၂၁ ဦးက ငွေကျပ် ၅ သိန်းစီ၊ အလှူရှင်နှစ်ဦးက ငွေကျပ် ၃ သိန်းစီ၊ ဦးကြည်ရင်နှင့်ဇနီး ဒေါ်အားရှိန် (ရွှေလီမြို့) မိသားစုက တရုတ်ယွမ်ငွေ ၃၃၀၀ နှင့် အလှူရှင်များက စုစုပေါင်းငွေကျပ်သိန်းပေါင်း ၂၀၉၂ ဒသမ ၀၁ သိန်းကို လှူဒါန်းခဲ့ကြပါသည်။

လှူဒါန်းပွဲ အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က မူဆယ်မြို့သည် နယ်စပ်မြို့ဖြစ်သည့်အလျောက် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ခရီးမှာ မိခင်စိတ်ဓာတ်၊ ပရဟိတစိတ်ဓာတ်အပြည့်အဝထားပြီး နိုင်ငံတော်၏ လမ်းညွှန်ဦးဆောင်မှုဖြင့် မူဆယ်မြို့ရှိအသင်းအဖွဲ့များလက်တွဲပြီး ကိုယ်ကျင့်တရား၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပရဟိတနှင့် လူမှုရေးစသည်များကို ဖြည့်ဆည်းပံ့ပိုးပေးရာ ကျောင်းတော်ဖြစ်စေလိုကြောင်း၊ ယဉ်ကျေးလိမ္မာဓမ္မပညာပါရမီကျောင်းတွင် ဟောပြောပွဲများ၊ တွေ့ဆုံပွဲများ၊ နှီးနှောဖလှယ်ပွဲများ မကြာခဏပြုလုပ်ပေးခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိလာခြင်းဖြင့် ကောင်းကျိုး၊ ဆိုးကျိုးရလဒ်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်း တိုးတက်လာကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မူဆယ်ဒေသမှ သားငယ်သမီးငယ်၊ လူငယ်၊ လူရွယ်လေးများသည် အနာဂတ်နိုင်ငံ့ ခေါင်းဆောင် လူတော်လူကောင်း မျိုးဆက်သစ် လူငယ်များအဖြစ် ပေါ်ထွန်းလာပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြင့် တစ်ထောင့်တစ်နေရာမှ သယ်ပိုးထမ်းရွက်ပြီး အမိနိုင်ငံတော်ကို အထောက်အကူပြုနိုင်ကြသူများအဖြစ် ဤကျောင်းတော်မှ ပေါ်ပေါက်လာစေရန် ဆုမွန်ခြွေပါကြောင်းဖြင့် ဇာတိမြေမှ လူငယ်မျိုးဆက်သားသမီးရင်သွေးများအပေါ် မျှော်လင့်အားထားမှာကြားခဲ့မှုကို မိဘပြည်သူများ အားလုံးသိစေကြောင်း ထပ်ဆင့်ရေးသား တင်ပြလိုက်ရပါသည်။

**အယ်လ်စိုး(iprd)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်

**ဖြူး စက်တင်ဘာ ၃၀**

ကျေးလက်တောင်သူများ လယ်ယာသုံးစက်ကိရိယာသုံးစွဲမှု ကျွမ်းကျင်ရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တက်လှမ်းနိုင်ရေး ရည်ရွယ်ချက်တို့ဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အမှတ်(၈၇) စက်မှုလယ်ယာစခန်းမှ ကြီးမှူး၍ ဖြူးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများကို လယ်ယာလုပ်ငန်းခွင်တွင် ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းနိုင်စေရန်နှင့် လယ်ယာကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးတို့အတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးပညာပေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးခင်မောင်သန်းတို့က အမှာစကားပြောကြားကြပြီး အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်လွင်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

သင်တန်းတွင် ကျေးရွာအုပ်စုများမှ တောင်သူလယ်သမား သင်တန်းသား ၃၀ ဦးတက်ရောက်ကြကာ သင်တန်းဆရာများအဖြစ် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်လွင်နှင့် ကျွမ်းကျင်ဝန်ထမ်းများက ရက်သတ္တနှစ်ပတ်အကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖြူး-မြင့်ဦး)**

## ဓမ္မစကူးလ်ခြောက်လပြည့် အထူးဓမ္မသဘင်ကျင်းပမည်

**ဇေယျာသီရိ စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိမြို့ မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်း၌ ဆွမ်းသိမ်းအောင်ပွဲ ဓမ္မစကူးလ် ခြောက်လပြည့် အထူးဓမ္မသဘင်ကို အောက်တိုဘာ ၄ ရက် (သီတင်းကျွတ်လဆန်း ၁၁ ရက်) အောက်တိုဘာ ၆ ရက် (သီတင်းကျွတ်လဆန်း ၁၃ ရက်)အထိ ကျင်းပမည်ဖြစ်ကြောင်း မဟာရတနာသိုက်ချောင်း တပ်ဦးကျောင်းဆရာတော် ဦးအဂ္ဂေါဘာသထံမှ သိရသည်။

အဆိုပါ အထူးဓမ္မသဘင် တရားပွဲကြီးသို့ လာရောက်ကြမည့် ပြည်စံအောင်၊ ဆင်တဲကြီး၊ ဥယျာဉ်ကွက်သစ်၊ သိုက်ချောင်းကွက်သစ်နှင့် ပုဏ္ဏားကုန်းကွက်သစ်တို့မှ တရားနာပရိသတ်များအတွက် အကြို /အပို့ မော်တော်ယာဉ်များလည်း စီစဉ်ထားရှိကြောင်း သိရသည်။

**ကိုကြီးကျော်**


### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၂၂၊ အကျယ်ပေ(၄၀×၆၀) ဒေါ်အေးမိ ၁၂/မဘန(နိုင်)၀၆၂၈၆၃ အမည်ပေါက် ပါမစ်မြေကွက်အား ၎င်းအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အက်စတာမြတ်ထွေး**
**LL.B, D.B.L, C.B.L, F.B.S, A.P.S, WIPO, G.C.I.P (Geneva) D.B.S.P**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၃၀၈၂၁၈၇**
**တိုက် ၁၂၊ ၅ လွှာ၊ နေကြာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၄ လမ်း၊ အမှတ် ၃၄၊ မြေကွက်အမှတ် ၂၉၃ ဟု ခေါ်တွင်သော (၃၀×၁၁၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်တော် ဦးစိန်ထွန်း ၁၂/မဂဒ(နိုင်)၀၀၄၆၂၆ သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမဓာရီမှုအမှတ်(၃၇၀၊ ၃၇၁၊ ၃၉၂/၂၀၀၄) အမှုတွင် ၁-၉-၂၀၁၁ရက်က လက်ရောက်ပေးအပ်ခဲ့၍ ၁-၉-၂၀၁၁ရက်မှစ၍ ယနေ့တိုင် လက်ရှိထား စီမံခန့်ခွဲအုပ်ချုပ်လျက်ရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ထွန်း**
**၁၂/မဂဒ(နိုင်)၀၀၄၆၂၆**
**ဖုန်း-၀၉-၄၃၁၂၇၂၃၉**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၁၀၁၄၊ အကျယ်အဝန်းပေ(၄၄×၆၀)၊ နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးမောင်မောင်သန်း ၁၃/လရန(နိုင်)၀၀၄၂၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲစုထွေး LL.B,D.B.L,D.M.L, D.I.L** — **ဦးမြတ်ထွန်း B.Sc,R.L**
**အထက်တန်းရှေ့နေ (စဉ်-၂၇၁၂၈)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)**
**အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၈၃၇/က၊ မြေကွက်တည်နေရာအမှတ် ၈၃၇/က၊ ရတနာပုံ ၂ လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (၁။ ဦးသောင်းညွန့်၊ ၂။ ဒေါ်သောင်းတင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သောင်းတင်(ဇနီး)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်း ဦးသောင်းညွန့် ၁၂/သကတ(နိုင်)၁၉၁၂၇၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်-၂၊ နွယ်အေး၊ မြေကွက်အမှတ် ၂/၁၂၊ မြေကွက်တည်နေရာအမှတ်-၁၂၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးကြိုင်) ၁၂/ဒပန(နိုင်)၀၂၉၅၆၂ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြိုင်(ဖခင်)နှင့် ဒေါ်သန်း(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်ဌေး ၁၂/ဒပန(နိုင်)၀၂၉၅၉၅၊ ဦးအောင်တင် ၁၂/ကတန(နိုင်)၀၁၃၃၄၃၊ ဦးဌေးမြင့် ၁၂/ဒပန(နိုင်)၀၂၉၅၆၇၊ ဦးစိန်ဝင်း ၁၂/ဒပန(နိုင်)၀၂၉၅၆၉၊ ဦးဆန်းဝင်း ၁၂/ဒပန(နိုင်)၀၃၄၉၄၈၊ ဦးသိန်းဝင်း ၁၂/ဒပန(နိုင်)၀၂၉၅၆၆တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်နှင့်စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးအေးကို ၁၂/သလန(နိုင်)၀၃၀၄၅၂(မှ) ဦးကျော်ကျော်ဦး ၉/အမရ(နိုင်)၁၂၂၃၈၈(မှ) | ဦးဘဝင်း ၁၂/ကတတ(နိုင်)၀၁၄၃၈၀ | တိုက်အမှတ်(B)၊ အထပ်အမှတ် ၃၊ အခန်းအမှတ်(၁)၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၊ မြေကွက်အမှတ်(၅၈၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၈၀/ခ)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစံမြ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံမြနှင့် ဒေါ်မြမြဌေး၊ ဦးယုကြိုင်တို့ကို တရားပြိုင်ထား၍ ဦးအောင်သိန်းမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားလိုပြု၍စွဲဆိုသော တရားမကြီးမှုအမှတ်(၃၂၉/၁၃)၏စီရင်ချက်ဒီကရီမှုအမှတ်(၂၁၀/၁၃)၏ အမိန့်နှင့် ၇-၈-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်မင်းမင်းကြိုင် ၉/ခမစ(နိုင်)၀၀၄၆၂၁က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၀၊ မြေကွက်အမှတ်(၁၅၄၃/က)၊ မြေကွက်တည်နေရာ (၁၅၄၃/က)၊ ကောက်သစ် ၁လမ်း၊ ရွှေပြည်သာ၊ ဦးထွန်းရီ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသန်း ၁၂/ရပသ(နိုင်)၀၃၇၇၉၆က ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

## တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ချေးငွေပေးအပ်

**တံတားဦး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ခေါင်းကွဲကျေးရွာသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ချေးငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက မိမိတို့ကျေးရွာ ၂၄ နာရီ မီးလင်းပါက ယခုထက်ကျေးရွာဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်း မီးလင်းနိုင်ရေးအတွက် ကျေးရွာသားများက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ကျေးရွာမီးလင်းရေးအတွက် ခေါင်းကွဲကျေးရွာအလှူရှင် ဦးမြမောင်က ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ ထရန်စဖော်မာလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ခေါင်းကွဲကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ထုတ်ချေးပေးကာ ငွေကျပ် ၂၈၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်းက လည်းကောင်း၊ ခေါင်းကွဲကျေးရွာအလှူရှင် ဦးမြမောင်-ဒေါ်ထွေးသိန်း မိသားစုက ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ ထရန်စဖော်မာတစ်လုံးတို့ကို လည်းကောင်း လှူဒါန်းကြရာ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက လက်ခံယူပြီး ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးလှသောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(၄၀၉)

## Junior Golf Charity Tournament 2014 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်




**ရန်ကုန် စက်တင်ဘာ ၃၀**

ဆေးကုသစရိတ်လိုအပ်နေသော ကလေးလူနာများအတွက် လှူဒါန်းရန် ရည်ရွယ်ပြီး Junior Golf Charity Tournament 2014 ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်ဂေါက်ကလပ် (တည်းကုန်း) ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တမ်းများအနေဖြင့် အသက် ၈ နှစ်မှ ၁၂ နှစ်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်နှင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ ပြိုင်ပွဲ သုံးမျိုးခွဲခြား ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးငွေကျပ် ၁၅၀၀၀ နှင့်အတူ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၇၃၁၃၀၄၇၄ တို့တွင် အမည်စာရင်းပေးသွင်းနိုင်သည်။

ယခုပြိုင်ပွဲမှ ရရှိသော ပြိုင်ပွဲဝင်ကြေးများအားလုံးကို ဆေးကုသစရိတ်လိုအပ်နေသော ကလေးလူနာများအတွက် လှူဒါန်းမည်ဖြစ်ပြီး ဆုများနှင့် အခြားလိုအပ်သည်များကို HAN Golf Masters က အဓိကကူညီပေးပြီး ရန်ကုန်ဂေါက်ကလပ်က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးထားကြောင်း သိရသည်။ **ဖိုးသော်ဇင်**

• • • • • • • • • • • • • • • • • •

## ဘိုကလေးမြို့နယ်တွင် သဘာဝဘေးကျရောက်မှုကာကွယ်ရေး ဘေးမဲ့တော၊ ဒီရေတောနှင့် ဂေဟစနစ်ဆိုင်ရာ ဟောပြော

**ဘိုကလေး စက်တင်ဘာ ၃၀**

ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော Special Tree Planting Ceremony အထိမ်းအမှတ်ပြခန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက်က ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ အထိမ်းအမှတ်ပြခန်းကိုပြသပြီး ညနေ ၃ နာရီမှ ၆ နာရီ အထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ကျင်းပသည်။

ယင်းဟောပြောပွဲတွင် FREDA အသင်း ဗဟိုကော်မတီဝင် ဦးထွန်းဝေက ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုနှင့် သစ်တောဆိုင်ရာများကို လည်းကောင်း၊ MSN ဥက္ကဋ္ဌ ဦးဝင်းစိန်လှိုင်က ကမ်းရိုးတန်းသယံဇာတထိန်းသိမ်းရေးဆိုင်ရာများကို လည်းကောင်း၊ ဘိုကလေး မိန်းမလှကျွန်း အုပ်ချုပ်ရေးမှူး ဦးဇော်ထူးအောင်က ဘေးမဲ့တော၊ ဒီရေတော ဂေဟစနစ်နှင့် သားငှက်တိရစ္ဆာန်ဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကံထွန်းက မြန်မာနိုင်ငံရှိ ဒီရေတောများ ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာများကိုလည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(၀၆၅)

## အမျိုးသမီးအခွင့်အရေးဆိုင်ရာဟောပြောပွဲများ ကျင်းပ

**ဒေးဒရဲ စက်တင်ဘာ ၃၀**

ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် လူသရမ်ဝေါလ်ဖက် ဒရေးရှင်းမြန်မာတို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက်က ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လူက အမျိုးသမီး အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့်ဥပဒေများ၊ ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စိုးစိုးရီက မြန်မာအမျိုးသမီးများနှင့် ပတ်သက်သည့် အခွင့်အရေးများနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းဥမ္မာမြက မြန်မာအမျိုးသမီးများ သိထားသင့်သည့် ယဉ်ကျေးမှုဆိုင်ရာများကို ဟောပြောခဲ့ကြသည်။



"ဒီလိုဟောပြောပွဲ နားထောင်ဖြစ်တာ ပထမဆုံးအကြိမ်ပါ။ ဟောပြောပွဲကျင်းပပေးတဲ့အတွက် ကျေးရွာနေ အမျိုးသမီးများအတွက် ကိုယ့်အခွင့်အရေးကိုသိပြီး ကိုယ်တိုင်ကာကွယ်နိုင်တဲ့အသိတွေ ရရှိလာပါတယ်" ဟု ဟောပြောပွဲတက်ရောက်လာသူ အမျိုးသမီးငယ်တစ်ဦးက ပြောပြသည်။ အဆိုပါ အဖွဲ့သည် ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ဒေးဒရဲမြို့နယ်အတွင်းရှိ တူးမြောင်း၊ ခနိပတ်၊ ဘန်ကျွန်း၊ အုန်းပင်ရွာသစ်၊ အုန်းပင်ရွာမ၊ ဆားအိုးချောင်းစသည့် ကျေးရွာများတွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဟောပြောပွဲများကို ကျင်းပပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သူဇာနွယ်(ဖျာပုံ)**

## ပညာဒါနဘာသာရပ် ဆွေးနွေးပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအားလုံး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်တတ်မြောက်မှုစွမ်းရည် ပိုမိုတိုးတက်အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် ပညာဒါနဘာသာရပ်ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က ပဲခူးမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိဟံသာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောစံယဉ် တက်ရောက်အမှာစကားပြောကြားပြီး နံနက် ၁၀ နာရီတွင် ဘာသာရပ်ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ပညာဒါနဘာသာရပ်ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး အခြေခံပညာအထက်တန်းကျောင်းများမှ ဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာ ဆရာမများက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်ချက်ပိုမိုမြင့်မားရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၁၀)


## တောင်ကြီးတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

**(က) ၁၃-၁၁-၂၀၁၄ ရက် နံနက်ပိုင်း၊ နံနက် ၀၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဓာတုဗေဒ အထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ သမိုင်းအထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ သမိုင်း၊ ရသစာပေ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |

**(ခ) ၁၃-၁၁-၂၀၁၄ ရက် ညနေပိုင်း၊ မွန်းလွဲ ၁:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ရူပဗေဒအထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ဒဿနိကဗေဒ၊စိတ်ပညာ၊ ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုအားလုံး။ |

**(ဂ) ၁၄-၁၁-၂၀၁၄ ရက် နံနက်ပိုင်း၊ နံနက် ၀၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဥပဒေပညာ၊ သင်္ချာအထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | သင်္ချာ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သင်္ချာ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | သင်္ချာ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

**(ဃ) ၁၄-၁၁-၂၀၁၄ ရက် ညနေပိုင်း၊ မွန်းလွဲ ၁:၀၀ နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒအအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်မည့်အစီအစဉ်**

**၁၁-၁၁-၂၀၁၄ ရက် နံနက်ပိုင်း၊ နံနက် ၀၉:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ သမိုင်း၊ ရသစာပေ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ အထူးပြုအားလုံး။ |

**၁၁-၁၁-၂၀၁၄ ရက် ညနေပိုင်း၊ မွန်းလွဲ ၁:၀၀ နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဥပဒေပညာ၊ သင်္ချာအထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၈-၁၁-၂၀၁၄ ရက်မှ ၉-၁၁-၂၀၁၄ ရက်အထိ ညောင်ရွှေဆောင်ပထမထပ်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် ညောင်ရွှေဆောင်ပထမထပ်တွင် ၈-၁၁-၂၀၁၄ ရက်နှင့် ၉-၁၁-၂၀၁၄ ရက် နံနက် ၉:၀၀နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(ခင်စောလှိုင်)**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**



## မြို့တော်ဆေးရုံ မန္တလေးတွင် တာဝန်ထမ်းဆောင်ရန် ဖော်ပြပါဝန်ထမ်းများအလိုရှိပါသည်

| | | |
|---|---|---|
| ၁။ | သူနာပြုဆရာမ | (၁၀) ဦး |
| ၂။ | သားဖွားဆရာမ | (၅) ဦး |
| ၃။ | B.Med.Tech(Medical Technologist) (မ) | (၂) ဦး |
| ၄။ | B.Med.Tech(Medical Imaging) (မ) | (၂) ဦး |
| ၅။ | B.Pharm (မ) | (၂) ဦး |
| ၆။ | Receptionist(OPD Secretary) (မ) | (၁၀) ဦး |
| ၇။ | အထွေထွေလုပ်သား(ကျား) | (၅) ဦး |
| ၈။ | သန့်ရှင်းရေး(မ) | (၅) ဦး |
| ၉။ | ဓာတ်ခွဲခန်းအကူ(မ) (blood collection) | (၂) ဦး |
| ၁၀။ | Computer Cashier | (၂) ဦး |

အမှတ်စဉ်(၆)အတွက် လျှောက်ထားလိုသူများသည် ဘွဲ့ရ၊ ရုပ်ရည်ချောမောပြေပြစ်သူ၊ အသက်(၁၈)မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။ အမှတ်စဉ်(၉) လျှောက်ထားလိုသူများအနေဖြင့် သွေးဖောက်ကျွမ်းကျင်ရမည်။ ဝန်ထမ်းလျှောက်လွှာများကို သိပ္ပံလမ်း၊ ၆၅ နှင့် ၆၆ ကြား၊ မြို့တော်ဆေးရုံ၊ စီမံဌာနသို့ ပေးပို့နိုင်ပါသည်။ လျှောက်လွှာ ပိတ်ရက်မှာ ၇-၁၀-၂၀၁၄ရက် ညနေ ၅:၀၀ နာရီ ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းကို ၁၀-၁၀-၂၀၁၄ ရက် နံနက် ၉:၀၀ နာရီတွင် ပြုလုပ်ပါမည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၂-၇၇၈၆၀၊ ၇၇၈၆၁၊ ၇၇၈၆၂၊ ၀၉-၉၁၀၂၃၆၉၂၊ Email ဖြင့် လျှောက်လွှာပေးပို့လိုပါက cityhospital.mdy@gmail.com သို့ ပေးပို့နိုင်ပါသည်။



## တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H)မှ မခင်နှင်းထွေး၏ဖခင် ဦးရာဂျူးနှင့် ဦးနီးလ်ဗဟာဒူး ၁၃/လရန(နိုင်) ၁၀၅၆၄၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရာဂျူး(ခ)ဦးနီးလ်ဗဟာဒူး**
**၁၃/လရန(နိုင်)၁၀၅၆၄၅**



၆ လက်မပတ်လည် ကွန်ကရစ်တုံးများ **ရောင်းရန်ရှိသည်။** (တစ်တုံး ကျပ် ၇၀) ဖုန်း-၀၉-၅၀၄၈၉၈၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဂန့်ဂေါမြို့နယ်အတွင်း ဝါးခုတ်ယူထုတ်လုပ်မှု ပမာဏများပြားသဖြင့် ဝါးမျိုးပျောက်ကွယ်လာနိုင်

ကြီးမြင့်နိုင်(လှိုင်ကော်) ➤ ရေးသားသည်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် သစ်တောသယံဇာတ ဝါးပင်များကို ခုတ်ယူထုတ်လုပ်သုံးစွဲမှု ပမာဏများပြားလာသဖြင့် ဝါးပင်များ မျိုးတုံးပျောက်ကွယ်သွားနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသခံတွေ ခုတ်ယူတာ အလွန်နည်းပါတယ်။ အိမ်ဆောက်တဲ့အခါ နေအိမ်တွေ ကာရံဖို့နဲ့ နေအိမ်အမိုးပြုလုပ်ဖို့ ဝါးကပ်ရက်လုပ်ဖို့ အတွက် အဓိကခုတ်ယူကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝါးနဲ့ပြုလုပ်တဲ့ လက်မှုပစ္စည်းတွေ ရက်လုပ်ရောင်းချတာမျိုး မလုပ်တတ်ကြဘူး။ အခုနောက်ပိုင်းမှာ ဂန့်ဂေါက ဝါးတောတွေကို အခြားဒေသက လူတွေရောက်လာကြတယ်။ ဝါးအခြေခံ ထုတ်ကုန်တွေကို ထုတ်လုပ်ဖို့အတွက် ဝါးခုတ်ကြတယ်လို့သိရတယ်။ ဒေသလိုအပ်ချက်ထက် ပိုမိုများပြားနေတဲ့ သယံဇာတထုတ်ယူမှုတွေ ဖြစ်လာတယ်"ဟု ဂန့်ဂေါမြို့မရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

အခြားဒေသမှ လူများလာရောက်ကြပြီး ဝါးခုတ်ယူရခြင်းအကြောင်းမှာ သွားကြားထိုးတံ၊ ဝါးတူနှင့် အမွှေးတိုင်များ ထုတ်လုပ်ရောင်းချရန်အတွက် ရည်ရွယ်ခုတ်ယူခြင်းဖြစ်သည်။

"ဝါးခုတ်မှု အလွန်မြင့်တက်နေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အိမ်စားရဖို့ မျှစ်တောင်ရှားပါးလာတယ်" အဆိုပါဖြစ်ရပ်များကို ရပ်တန့်နိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက အရေးယူဆောင်ရွက်သင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ထို့အပြင် ဝါးခုတ်ယူသူများမှာ အလိုရှိသည့် ဝါးပင်ကိုသာ ရွေးချယ်ခုတ်ယူခြင်း မဟုတ်ဘဲ ဝါးပင်တစ်ရုံလုံးကို အနုအရင့်မခွဲခြား စည်းကမ်းမဲ့စွာ ခုတ်လှဲပစ်ပြီးမှသာ လိုအပ်သည်ကို ဖြတ်တောက်ယူဆောင်နေခြင်းကြောင့် ကျန်ရှိနေသည့် ဝါးပင်များနှင့် ဝါးနုများ ပျက်စီးပြီး အလဟဿဖြစ်နေကြောင်း သိရသည်။

ဝါးမျိုး နည်းပါးလာပြီး ဒေသခံများအသုံးပြုရန် ဝါးရင့်များ နည်းပါးလာနေသည့်အပြင် ပြန်လည်ထိန်းသိမ်းမှုမရှိခြင်းကြောင့် မျိုးသုဉ်းပျောက်ကွယ်လုဖြစ်လာနေသည်ကို မြင်တွေ့ရကြောင်း ဂန့်ဂေါမြို့နယ်အတွင်းရှိ သဘာဝသယံဇာတကို ချစ်မြတ်နိုးသူတစ်ဦးက ပြောပြသည်။

မည်သို့ပင်ဆိုစေ လက်ရှိတွင် ဒေသခံများကလည်း မိမိတို့လိုအပ်ချက်အရ ဝါးသယံဇာတများကို ခုတ်ယူနေကြပြီး စီးပွားဖြစ် လုပ်ကိုင်သူများကလည်း အကန့်အသတ်မရှိ စည်းကမ်းမဲ့စွာ ခုတ်ယူနေကြခြင်းကြောင့် မကြာမီကာလအတွင်းဂန့်ဂေါမြို့နယ်အတွင်းရှိ ဝါးရုံတောကြီးများအတွက် လုံခြုံမှုပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မိတ္ထီလာလူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်းကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

**သာစည် စက်တင်ဘာ ၃၀**

လူမှုဝန်ထမ်းဦးစီးဌာန မိတ္ထီလာမူလတန်းကြိုကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဦးသက်လေးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမူလတန်းကြိုကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာများပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဌေးဝင်း (မိဘဆရာအသင်းဥက္ကဋ္ဌ) က အသင်း၏ ကျောင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းအမှုဆောင် ဦးဝေဖြိုးက မိဘဆရာအသင်း ၂၀၁၃-၂၀၁၄ ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားပြီး မူလတန်းကြိုကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူကလေးငယ်များအား ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ကျောင်းမှ ကလေးငယ်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းတွင် အသက် သုံးနှစ်မှ ငါးနှစ်အကြား ကလေးငယ် ၂၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဒီပဲယင်းမြို့နယ်သမဝါယမက ထပ်မံထုတ်ချေးမည့် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်း

**ဒီပဲယင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်(China Exim Bank ) မှ ထပ်မံချေးယူမည့် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထုတ်ချေးပေးရေး လုပ်ငန်းရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောလှဝင်းက ယခု (China Exim Bank) မှ ထပ်မံထုတ်ချေးမည့်ချေးငွေသည် ငွေကျပ်တစ်ရာလျှင် အတိုးနှုန်း ၁ ကျပ် ၈ ပြားယူကာ အောက်တိုဘာ ၁ ရက်မှစတင်ပြီး အသက်သာဆုံးအတိုးနှုန်းဖြင့် အသင်းသားများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယခင် သန်း ၁၀၀ ချေးငွေသည် ငွေကျပ် တစ်ရာလျှင် ၁ ကျပ်ခွဲအတိုးနှုန်းဖြင့် ထုတ်ချေးပေးထားသော ချေးငွေများ ပြန်လည်ပေးဆပ်ပြီးပါက ထပ်မံထုတ်ချေးမည့်ငွေကို အတိုးနှုန်း ၁ ကျပ် ၈ ပြားဖြင့် အသင်းသားများကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး သမဝါယမအသင်းစုဝင် အသင်းသားဖြစ်မှသာလျှင် ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်မြို့ရှိ အဆင့်မြင့်အိမ်ရာစီမံကိန်း ဒဂုံစီးတီး(၁) အရောင်းပြခန်းကို စက်တင်ဘာ ၂၇ ရက်က ဖွင့်လှစ်ရာ စိတ်ဝင်တစား လာရောက်ကြည့်ရှုသူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းမြင်ကွင်း-မေဦးမိုး

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မှုခင်းကျဆင်းရေးပညာပေး

**ဇီးကုန်း စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၅၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ရွှေရတုကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဝက်စပူကျေးရွာအုပ်စု ညောင်ဇင်ကျေးရွာ စပါးအထွက်တိုးခန်းမ၌ စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇီးကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်တို့က တက်ရောက်အမှာစကားပြောကြားပြီး မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြစေရေးအတွက် အသိပညာပေးလုပ်ငန်းများအကြောင်းကို ပြောကြားသည်။

မှုခင်းကျဆင်းရေးအတွက် အသိပညာပေးမှုများကို မြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ထွန်း၊ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုတိယရဲအုပ်ဝေလွင်ကိုတို့က ဟောပြောပေးခဲ့ကြပြီး ကျေးရွာပတ်ဝန်းကျင်မှ ဒေသခံ ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**


**စက်မှုဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူးရုံး**
**နေပြည်တော်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေရှိ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများတွင် ရုံးအဆောက်အအုံသစ်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၄-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတွင် ၁-၁၀-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုသောအချက်များကို နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၅၅၀၁၇၈၊ ၀၆၇-၅၅၀၁၇၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

### အိတ်ဖွင့်လေလံခေါ်ယူခြင်း (၅/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောမှ (၁၂၀'×၃၀'×၅' ၆")အရွယ်အစားရှိသည့် ပွှန်တွန်းအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၄ ရက်မှ ၂၇-၁၀-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်
- ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က) အဆင့်(ဓနိတော၊ ရန်ကုန်မြို့)

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၈-၁၀-၂၀၁၄ ရက် ၁၂း၀၀ နာရီ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ်(၆)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၁၄ ရက် ၁၃း၀၀ နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂ နှင့် ၀၆၇-၄၁၁၂၈၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

### စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ် ပြခန်းများ ပါဝင်ပြသနိုင်ရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၉၀)ပြည့်အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၇-၁၂-၂၀၁၄ ရက်နှင့် ၂၈-၁၂-၂၀၁၄ ရက်များတွင် ကျင်းပမည်ဖြစ်ပါသည်။

၂။ နှစ် (၉၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၂-၁၂-၂၀၁၄ ရက်မှ ၂၈-၁၂-၂၀၁၄ရက်အထိ ရက်သတ္တပတ်ပြခန်းများကို ခုနစ်ရက်တိုင်ပြသမည်ဖြစ်ပါသည်။ ၎င်းပြခန်းများတွင် စိုက်ပျိုးရေးတက္ကသိုလ်၏ ဖြတ်သန်းလာသည့် သမိုင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုများနှင့် တက္ကသိုလ်ကဏ္ဍအလိုက် လှုပ်ရှားဆောင်ရွက်နေမှုများ၏ မှတ်တမ်းဓာတ်ပုံများကို ပြသမည်ဖြစ်ပါသည်။

၃။ ၎င်းပြခန်းနှင့်အတူ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီများမှလည်း ပြခန်းများနှင့် အရောင်းဆိုင်များ ခင်းကျင်းပြသနိုင်ရန် စီစဉ်ထားပါသည်။

၄။ ပြခန်းတစ်ခန်းလျှင် ပေ (၁၀×၈)အကျယ်ရှိမည်ဖြစ်ပြီး စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အောက်တိုဘာ ၃၀ ရက်နောက်ဆုံး ကုမ္ပဏီ၏ အထောက်အထားအချက်အလက်များ ယူဆောင်လျက် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဒေါက်တာခင်သီတာမြင့်**
**အဖွဲ့ခေါင်းဆောင်၊ ပြခန်းများပြသရေးဆပ်ကော်မတီ၊**
**စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့်အခမ်းအနားကျင်းပရေးကော်မတီ**
**ဖုန်း-၀၉-၄၂၀၇၀၉၀၆၆**

**အမည်မှန်**

ဦးစိုင်းအောင်အောင်၏သား လှိုင်ကော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ထိုက်နန္ဒာအောင်၏ အမည်မှန်မှာ မောင်ထိုက်နန္ဒအောင် ၂/လကန(နိုင်) ၁၀၈၉၁၅ ဖြစ်ပါကြောင်း။

**မောင်ထိုက်နန္ဒအောင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်နေ ဦးစိုင်းအောင်အောင်၊ ဦးအောင်အောင်နှင့် ဦးစိုင်းအောင် ၂/လကန(နိုင်) ၀၄၃၆၄၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(၂) နဝမတန်းမှ မကြည်လဲ့ဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခွေးဖြူ ဖြစ်ပါကြောင်း။

**ဦးခွေးဖြူ**
**၆/ကစန(နိုင်)၀၅၆၀၇၀**

**အမည်မှန်နှင့်ဖခင်အမည်မှန်**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ် စည်ပင်ကြီး (အလက) အဌမတန်းနေ မဆုမြတ်မွန်အား မစုမြတ်မွန်ဟုလည်းကောင်း ဖခင်အမည်မှန်မှာ ဦးစိန်မြင့် ၉/ပမန(နိုင်) ၀၇၄၂၅၈ ဖြစ်ပါကြောင်း။ **ဦးစိန်မြင့်**

**သမီး-မစုမြတ်မွန်**

**ဖခင်အမည်မှန်မှာ**

မိတ္ထီလာမြို့၊ အထက(၅)၊ ရှမ်းတဲကျောင်းမှ မောင်အောင်မျိုးမင်း သတ္တမတန်း(D) နှင့် မမိုးမိုးဝေ တက္ကသိုလ်ဝင်တန်း(C) တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ဖြစ်ပါကြောင်း။ **ဦးတင်ဦး ၉/မထလ(နိုင်)၁၅၄၂၈၃**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ ချည်စက်ရပ်ကွက်၊ အမှတ်(၁၁)တွဲဖက်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)နေ ဦးထွန်းထွန်းလင်း ၉/မထလ(နိုင်)၀၀၄၀၈၇ ၏သမီး မနှင်းနုလင်း(ခ) မနှင်းဦးခိုင် ၉/မထလ(နိုင်)၃၃၃၄၁၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနှင်းနုလင်း(ခ)မနှင်းဦးခိုင်**

# ဆက်သွယ်ရေးစနစ်အမှားအယွင်းကြောင့် ငွေဖြည့်သွင်းရန် အကြောင်းကြားခံရသော်လည်း ငွေဖြတ်တောက်မည်မဟုတ်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဖုန်းဆက်သွယ်ခများ ကျန်ရှိနေသော်လည်း ဖုန်းဘေလ်ငွေကျပ် ၂၀၀ အောက်ရောက်သဖြင့် ထပ်မံငွေဖြည့်သွင်းရန် သတိပေးစာတိုများ ပေးပို့ခြင်းကို မိုဘိုင်းဖုန်းအများစုသို့ ရောက်ရှိရခြင်းမှာ စနစ်မှားယွင်းခြင်းကြောင့် အလိုအလျောက်ရောက်ရှိခြင်းဖြစ်ပြီး ဖုန်းအတွင်း ကျန်ရှိသည့် ဘေလ်များကုန်ဆုံးခြင်းမရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နံနက် ၅ နာရီမှစတင်ကာ မိုဘိုင်းဖုန်းများအတွင်းသို့ ငွေထပ်မံဖြည့်သွင်းရန် သတိပေးသည့် စာတိုများ နှစ်ခုမှ ငါးခုအထိ ရောက်ရှိခဲ့ပြီး လက်ကျန်ငွေများမစစ်ဆေးဖြစ်သည့် ဖုန်းပိုင်ရှင်အများစုမှာ ငွေထပ်မံဖြည့်သွင်းခဲ့သော်လည်း ယင်းစာတိုများ ထပ်မံရောက်ရှိလာသည့်အတွက် မြန်မာ့ဆက်သွယ်ရေးနှင့် ဟော့လိုင်းများသို့ ဆက်သွယ်မေးမြန်းမှု မြင့်တက်ခဲ့သည်။

"ဆက်သွယ်ရေးစနစ်မှာ error တက်သွားလို့ပါ။ မိမိဖုန်းဘေလ်ထဲက လျော့သွားမှာ မဟုတ်ပါဘူး။ အမြန်ဆုံးပြန်လည်ပြုပြင်နေပါတယ်။ ဖုန်းထဲကငွေကို စစ်ဆေးကြည့်ရင်သိမှာပါ။ ငွေဖြတ်တာမရှိပါဘူး။ စာတိုပို့တဲ့စနစ်က အလိုအလျောက်စနစ်ဖြစ်တာကြောင့် စနစ်မှားယွင်းပြီး ဖုန်းတွေထဲကို ပို့နေတာ။ နောက်ရက်အနည်းငယ်အတွင်း ပြန်လည်ကောင်းမွန်ပါမယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငွေကျပ် ၁၅၀၀ တန် ဂျီအက်စ်အမ်ဖုန်းများကို လူတိုင်းအသုံးပြုနိုင်ရေးအတွက် ဂျပန်နိုင်ငံအခြေစိုက် ဆက်သွယ်ရေးနည်းပညာကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ငွေကျပ် ၁၅၀၀ တန် ဆင်းကတ်များကို ပိုမိုသည့်ဈေးနှုန်းဖြင့် ရောင်းချခြင်းကိုလည်း စက်တင်ဘာ ၂၉ရက်က တားမြစ်ထားခဲ့ကြောင်း၊ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများဖြစ်သည့် တာဝါတိုင်များ တပ်ဆင်ရေးနှင့် အင်တာနက်မြန်နှုန်းများ ပိုမိုကောင်းမွန်စေရေးအတွက် ပြုလုပ်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့စနစ်အမှားအယွင်း အနည်းငယ်ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

မိမိ၏ ဖုန်းဘေလ်လက်ကျန်ကို စစ်ဆေးလိုပါက *124# သို့ ခေါ်ဆိုစစ်ဆေးနိုင်သည့်အပြင် မြန်မာ့ဆက်သွယ်ရေးဝန်ဆောင်မှုများအကြောင်း ဖြေကြားပေးနေသည့် ၁၈၇၆ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်း-ဉာဏမိုးမြင့်၊ ဓာတ်ပုံ- မောင်သဲဦး**



# ခရိုင်အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ ကျင်းပ

**ဂန့်ဂေါ**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပသည်။

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များမှ ပြိုင်ပွဲဝင် ၁၉ ဦးတို့ ပါဝင် ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲကို ညနေပိုင်းတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာမြင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(၁၀၁)**

**ဖျာပုံ**

ဆို၊ က၊ ရေး၊ တီး ခရိုင်အဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က ဖျာပုံမြို့သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များမှ ပြိုင်ပွဲဝင် ၂၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နှစ်ပေါင်း ၁၃၀ ကျော်တိုင် ထိန်းသိမ်းကပြလာခဲ့သည့် ဖျာပုံမြို့ မန်ကျည်းတန်းရပ်ရှိ ရွှေတံဆိပ် ရှစ်ဆုရ ဖျာပုံနန်းတွင်း ရာမလက္ခဏာဇာတ်တော်ကြီးလည်း ပါဝင်ကပြဖျော်ဖြေသည့်ခံတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# မြင်းမူမြို့နယ်တွင် တီဘီရောဂါ ကွင်းဆင်းစမ်းသပ်ကုသပေး

**မြင်းမူ စက်တင်ဘာ ၃၀**

ပြည်သူ့ဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် မြင်းမူမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မြင်းမူမြို့နယ်၊ ဝွေးပင်တော၊ အလ္လကပ္ပနှင့် ငါးကင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား တီဘီရောဂါများ ကွင်းဆင်းစမ်းသပ်ကုသပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တီဘီရောဂါဒေသန္တရအရာရှိ ဒေါက်တာဒေါ်ညိမ်းညိမ်းအေး ဦးဆောင်သော ဆရာဝန်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ခေတ်မီဒစ်ဂျစ်တယ်ဓာတ်မှန်စက်များဖြင့် တီဘီရောဂါစမ်းသပ်စစ်ဆေးခဲ့ရာ ဝွေးပင်တောကျေးရွာအုပ်စု၊ အလ္လကပ္ပကျေးရွာအုပ်စုတို့မှ တီဘီရောဂါပိုး တွေ့ရှိသူခြောက်ဦးစီကို လည်းကောင်း၊ ငါးကင်းကျေးရွာအုပ်စုမှ ပြည်သူများအား စမ်းသပ်စစ်ဆေးရာ တီဘီရောဂါ တွေ့ရှိသူ ၁၁ ဦးကို လည်းကောင်း တီဘီရောဂါပျောက်ကင်းသည်အထိ ကုသနိုင်ရေးစီမံဆောင်ရွက်ပေးကာ ဆေးဝါးများကိုလည်း ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ တီဘီရောဂါ ကွင်းဆင်းကုသပေးရေးအဖွဲ့သည် ဝွေးပင်တောကျေးရွာအုပ်စုတွင် ၁၄၀ ၊ အလ္လကပ္ပကျေးရွာအုပ်စုတွင် ၁၃၁ ဦး၊ ငါးကင်းကျေးရွာအုပ်စုတွင် ၁၅၀ စုစုပေါင်း ဒေသခံပြည်သူ ၄၂၁ ဦးအား ခေတ်မီဒစ်ဂျစ်တယ်ဓာတ်မှန်စက်များဖြင့် စမ်းသပ်ခြင်း၊ သလိပ်စစ်ဆေးပေးခြင်း၊ ချက်ချင်းဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ် MOE/LP/COM/CAP/T/2 (2014-2015)

၁။ စွမ်းအင်ဝန်ကြီးဌာနရှိ ရုံးအမှတ် (၆)နှင့် ရုံးအမှတ်(၄၄)တို့တွင် LAN (Local Area Network)Infrastructure တည်ဆောက်ခြင်းနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၄ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက် (၁၂:၀၀)နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက် (၁၃:၀၀)နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက်နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ရုံးအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၄၈၊ ၄၁၁၄၈၇၊ ၄၁၁၁၃၇**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)
## ပရိဘောဂဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | Long High Desk | 20 လုံး |
| (၂) | Long Low Desk | 20 လုံး |
| (၃) | Bedstead(Single) | 10 လုံး |
| (၄) | Computer Table | 35 လုံး |
| (၅) | ဆုံလည်ကုလားထိုင် | 20 လုံး |
| (၆) | Conference/Meeting Table(U Shape) | 1 စုံ |
| (၇) | Locker (၁၂)ပေါက် | 2 လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၁၀-၂၀၁၄ရက် ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)ဖုန်း-၀၅၄-၂၅၉၃၈၊ ၀၉-၂၅၄၀၉၀၄၀၀၊ ၀၉-၃၃၆၀၆၀၅၅၊၀၉-၃၃၆၀၆၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျောင်းသုံးပရိဘောဂပစ္စည်းဝယ်ယူရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**

## စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ် MOE/LP/COM/CAP/T/2(2014-2015)

၁။ စွမ်းအင်ဝန်ကြီးဌာနရှိ ရုံးအမှတ် (၆)နှင့် ရုံးအမှတ် (၄၄)တို့တွင် LAN (Local Area Network)Infrastructure တည်ဆောက်ခြင်းနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၄ ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက်နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ရုံးအမှတ် (၆)၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၄၈၊ ၄၁၁၄၈၇၊ ၄၁၁၁၃၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ဒေါင်ဗားရေအားလျှပ်စစ်စက်ရုံအတွက် 200 KW Hydropower Generator နှစ်လုံးတပ်ဆင်ရန်နှင့် ဖလမ်းမြို့နယ် ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံအတွက် 500 KW Hydropower Generator နှစ်လုံးတပ်ဆင်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၃၀-၉-၂၀၁၄ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၉-၁၀-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၂၃၇၆၊ ၀၇၀-၂၂၃၉၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပလက်ဝမြို့နယ်၊ ကျေးလက်ဒေသနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ပလက်ဝမြို့ ရပ်ကွက်(၃)ခုအား ရေပေးရေးလုပ်ငန်း(၉)မိုင် ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ၃၀-၉-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၉-၁၀-၂၀၁၄ရက် ၁၆:၀၀နာရီအတွင်း နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၃-၅၆၅၀၀၄၊ ၀၉-၄၉၂၆၉၂၆၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ရောင်းမည်

Yadanarpon Diamond Plaza-Tower(A). Level (1) (L 1001, 002)
၇၈ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၅၀၇၉၂၄၁၉၊ ၀၉-၅၁၂၉၆၉၉

သတင်းဆောင်းပါးနှင့်ကြော်ငြာ

# ယောဂီဆွမ်းအလှည့် နေ့စဉ်ယူ မောရှမ်းအညာမြေမှ မြတ်သောအလှူ

■ စိုင်းဇော်လတ်(လင်းခေး)

ဗုဒ္ဓဘာသာ သာသနာ့အနွယ်ဝင် ဒေသခံ ရှမ်းတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဓမ္မမိတ်ဆွေစေတနာအလှူရှင်တချို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ရှိ (သထုံမူလ) မင်းကွန်းဇေတဝန် သာသနာ့မာရ်အောင်ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ပဋိပတ္တိသာသနာတရား ကျင့်ကြံအားထုတ်လျက်ရှိကြသော ယောဂီများအတွက် အာဟာရဆွမ်း ထမင်း၊ ဟင်းနှင့် ၄င်းတို့တရား အားထုတ်ချိန်တွင် လိုအပ်သောကိစ္စ အဝဝတို့ကို တာဝန်ယူချက်ပြုတ် ကျွေးမွေးပြုစုခြင်းအားဖြင့် ကောင်းမှုတစ်ခု နေ့စဉ်ပြုလျက်ရှိသည်။

သထုံမူလမင်းကွန်း ဇေတဝန် သာသနာ့မာရ်အောင် လင်းခေး ကမ္မဋ္ဌာန်းကျောင်းတိုက်သည် မြို့၏ အရှေ့တောင်ဘက် သုံးဖာလုံခွဲခန့် အကွာ လွိုင်လုံပန်တဝိတောင်ခြေ အနီး နမ့်တိန်းချောင်းနံဘေး၌ တည်ရှိကာ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် က တည်ဆောက်ခဲ့သည်။ ယောဂီများအား ပဋိပတ္တိသာသနာတရား အားထုတ်ခြင်းကို တရားပြဆရာ ဦးခွန်ထွန်း(လဲချား)ရပ်စောက် အခွန်စော်ဘွားမျိုးနွယ်က ဦးဆောင်လမ်းပြအစပြုလာခဲ့သည်မှာ ယနေ့တိုင်နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်လာခဲ့ပြီဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းဝါခေါင်လပြည့်နေ့သို့ ရောက်လျှင်တရားစခန်း(တရားအားထုတ်ရိပ်သာ)များကို စတင်ဖွင့်လှစ်ပေးလေ့ရှိပြီး တပို့တွဲလပြည့်ကျော် ၃ ရက်အထိ ခြောက်လ သတ်မှတ်ထားရှိသည်။

ယောဂီများအားကူညီထောက်ပံ့ရေးသာသနနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးဥတ္တရက "ကျောင်းတိုက်မှာ တရားကျင့်ဆောင် ၅၀ ကို တည်ဆောက်ထားပါတယ်။ တရားအားထုတ်ကြမယ့် ယောဂီအလိုက် လူပုဂ္ဂိုလ်တစ်ဦးကို အနည်းဆုံး ၁၀ ရက် တရားအားထုတ်နိုင်ပြီး ရဟန်းဖြစ်မယ်ဆိုရင် အနည်းဆုံး ၃၂ ရက်၊ သာမဏေ ၁၇ ရက်၊ သီလရှင်များနှင့် ဖိုးသူတော်များအား အနည်းဆုံး ၁၅ ရက် အားထုတ်ကြဖို့ တရားပြဆရာအဖွဲ့က စည်းကမ်းသတ်မှတ်ထားပါတယ်။ တရားကျင့်ဆောင်တစ်ခုမှာ ယောဂီတစ်ဦးစီကိုသာ တရားအားထုတ်ခွင့်ပေးထားပါတယ်" ဟု ပြောကြားသည်။

ယောဂီအာဟာရဆွမ်း အလှည့်ယူသူများအနေဖြင့် နေ့စဉ်ယောဂီအရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ညနေပိုင်း၌ အချိုရည် တစ်မျိုးမျိုးကို စီစဉ်ပေးရသည်။ အရုဏ်တက်ချိန်

## ယောဂီအာဟာရဆွမ်းအလှည့် ယူသူများအနေဖြင့် နေ့စဉ်ယောဂီ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် . . .

နံနက် ၅ နာရီတွင် ယောဂီဆွမ်းဗန်းကိစ္စများအဆင်သင့် ဖြစ်စေရန်အလှူရှင်အဖွဲ့က ကမ္မဋ္ဌာန်းကျောင်း၌ ညအိပ်ချက်ပြုတ် ပြင်ဆင်ပေးကြရသည်။ သက်ကြီးရွယ်အို၊ လူငယ် မောင်မယ်အဖွဲ့များက တစ်ယောက်တစ်လက်ဝိုင်းလို့ကူ စုပေါင်းဆောင်ရွက်ကြသည်မှာ ရှမ်းတောင်တန်းက စုပေါင်းပွဲတော်သဏ္ဍာန် အလားမြင်တွေ့နိုင်ပါသည်။

ယောဂီ အရုဏ်ဆွမ်းပို့ချိန်မှာ နံနက် ၅ နာရီခွဲ၊ နေ့ဆွမ်းပို့ချိန်မှာ နံနက် ၁၀ နာရီခွဲနှင့် ညနေ ၄ နာရီခန့်တွင် အချိုရည်တိုက်ကျွေးခြင်းများ ပြုလုပ်ပေးကြသည်။ ယောဂီဆွမ်းဗန်းကိုင်အဖြစ် တတ်ကျွမ်းနားလည်သူများကသာ ဆောင်ရွက်ပေးကြရသည်။ နေ့စဉ်ဆွမ်းချိန်အလိုက် အလှူရှင်များက ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ အိုဇာတင်း၊ ထမင်းဟင်းမျိုးစုံ အပြင် ဆေးဝါးများအပြည့်အစုံထည့်ကာဆွမ်းဗန်းပြင်ပို့ပေးကြရသည်။

ယောဂီတစ်ဦးချင်းအလိုက်ဆွမ်းစားသည့် အခြေအနေကို ဆွမ်းဗန်းပြန်သယ်ယူသည့်အခါ သီလရှင်တစ်ပါးက ယောဂီအဆောင်နံပါတ်အလိုက် မှတ်သားပေးခြင်းအားဖြင့် အစာအတိုးအလျှော့၊ ကျန်းမာရေးကောင်းမကောင်းနှင့် ထိုယောဂီ၏ တရားမှတ်နိုင်ခြင်း အဆင့်များကို သိရှိနိုင်သည်ဟု ဆွမ်းအလှည့်ကျအလှူရှင်များထံမှ လေ့လာသိရှိရသည်။

"ကျွန်မတို့က ဒီကနေ့ယောဂီဆွမ်းအလှည့်တာဝန်ယူပါတယ်။ နှစ်စပိုင်းဖြစ်လို့အခုတော့ ယောဂီအနည်းငယ်အတွက်သာ ချက်ပြုတ်ကျွေးမွေးရပါတယ်။ ယောဂီနည်းနည်းများများ ပုံမှန်နေ့စဉ်ကုန်ကျစရိတ် ငွေကျပ်သုံးသိန်း၊ လေးသိန်းအထက် ကုန်ပါတယ်။ နှစ်လယ်နဲ့ တရားစခန်းပိတ်ချိန်အထိ ယောဂီနဲ့ဆွမ်းအလှည့်ယူသူအလှူရှင်တွေက ပိုမိုများပြားလာပြီး တချို့က ဆွမ်းအလှည့်နဲ့မှီပြီး မွေးနေ့ မင်္ဂလာအမျိုးမျိုးနဲ့ ရှမ်းခေါ့(ကိုယ်စားဆွမ်း)များကို တွဲဖက်ပြီး တစ်ရက်ကုန်ကျစရိတ်ငွေကျပ် ၁၀ သိန်း၊ သိန်း ၂၀ အထိ အကုန်အကျခံ ဒါနကုသိုလ်ပြုကြပါတယ်။ အခုလို ရှမ်းအခေါ် ကိုယ်စားဆွမ်း၊ မင်္ဂလာဆွမ်းတွေနဲ့ ယောဂီဆွမ်းအလှည့်မှာ အတူတူပြုလုပ်လာခဲ့ကြတာ နှစ်ပေါင်းအတော်ကြာလာ ခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ရှမ်းတိုင်းရင်းသားတွေရဲ့ ရိုးရာထုံးတမ်းဓလေ့ဖြစ်တဲ့ ကမ္မဋ္ဌာန်းကျောင်းမှာ ယောဂီတွေကို ပြုစုကျွေးမွေးတဲ့အမှုက ကျွန်မတို့နဲ့ ဝိုင်းဝန်းကူညီကြတဲ့ လုပ်အားဒါန အလှူရှင်များအားလုံးအတွက်ပါ မွန်မြတ်တဲ့အလှူတစ်ခုလို့ ယုံကြည်တယ်"ဟု အလှူရှင်ဒေါ်နန်းစိန်(ဝမ်လွိုင်ရပ်)က ပြောကြားသည်။

ရှမ်းပြည်နယ်၏ အညာဒေသတစ်ခုဖြစ်သည့် လင်းခေးမြို့သည် သာမောဖွယ်ရာ ရှမ်းတောင်တန်းများအကြား တောင်ပေါ်ချိုင့်ဝှမ်းတစ်နေရာတွင်တည်ရှိလျက်လူဦးရေသုံးသောင်းကျော်ဖြင့် ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာနှင့် တောင်ပေါ် ရှမ်းပအိုဝ်းလူမျိုးများ စုပေါင်းမှီတင်းနေထိုင်ရာ ခရိုင်မြို့တစ်မြို့ဖြစ်သည်။ မြေမျက်နှာပြင်အကျယ်အဝန်း ၉၇၆ ဒသမ ၉၃ စတုရန်းမိုင် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် ၉၉၆ ပေသာရှိသဖြင့် ပူအိုက်ခြောက်သွေ့သောရာသီဥတုကြောင့် ရောက်လာခဲ့သူတိုင်းက ရှမ်းပြည်နယ်၏ အညာဒေသဟု သမုတ်ခဲ့ကြသည်။

ဗုဒ္ဓဘာသာသာသနာကို ယုံကြည်ကိုးကွယ်အားထားကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စုစည်းနေထိုင်ရာအရပ်ဖြစ်သည့်နည်းတူ ရှမ်းလူမျိုးများသည်ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အထောက်အကူပြုနေသည့် ပဋိပတ္တိသာသနာ တရားအား ကျင့်ဆောင်အားထုတ်လျက်ရှိသည့် ယောဂီအပေါင်းတို့၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စကိစ္စအဝဝတို့ကို ဒါနကုသိုလ်နေ့စဉ်ယူလျက်ရှိသည်။ ထိုလှုပ်ရှားမှုပုံရိပ်များသည် တစ်မူးရလို့ တစ်ပဲလှူ ဒို့ရှမ်းတောင်သူ တူနိုင်ရိုးလားဆိုသည့်အတိုင်း ရှမ်းမောမြေ၏ မြတ်သောအလှူတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ်ရောဂါ ပညာပေးဟောပြော

**မြင်းခြံ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁၂) ဓမ္မာရုံ၌ စက်တင်ဘာ ၂၈ ရက်က ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောပွဲ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကေသီဝင်းမောင်နှင့် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ထက်နုဝေတို့က ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်မှုမဖြစ်ပွားရေး အသိပညာပေးဟောပြောခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**ညောင်ဦး**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကူးစက်မြန်အီဘိုလာရောဂါအကြောင်းနှင့်ပတ်သက်၍ ပြည်သူများ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပရာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းက ရှင်းလင်းပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## ဈေးသူဈေးသားများအား လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပွင့်လင်းရာသီ ရောက်ရှိချိန်နီးလာပြီဖြစ်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဈေးသူ ဈေးသားများအား ရှင်းလင်းခြင်း၊ ဈေးဆိုင်တိုင်းတွင် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိရေး အသိပညာပေးခြင်း၊ ဈေးသူ ဈေးသားများကိုယ်တိုင် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နိုင်ရန် သရုပ်ပြပညာပေးခြင်းများနှင့် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်စွမ်းရည်သရုပ်ပြခြင်းများကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီက နေပြည်တော်မြို့မဈေးကြီးနှင့် သပြေကုန်းဈေးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်မီးသတ်ဦးစီးဌာန ဒက္ခိဏခရိုင်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မီးအမျိုးအစားများအလိုက် အသုံးပြုငြိမ်းသတ်ရမည့် မီးသတ်ဆေးဘူးအမျိုးအစားများ ထိရောက်စွာ မီးငြိမ်းသတ်နိုင်စေရန် သရုပ်ပြဟောပြောခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများကိုယ်တိုင် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် မြို့မဈေးကြီးတွင် တပ်ဆင်ထားသည့် ရေဂုတ်များမှ ရေရယူပုံအဆင့်ဆင့်နှင့် မီးသတ်ယာဉ်များ၏ မီးငြိမ်းသတ်ရေးသရုပ်ပြစွမ်းရည်များကို ပြသခဲ့ကြသည်။ **(ရွှေကုက္ကိုု)**


**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ညီို့(၃) ကြို/ပို့ရေယာဉ်နှင့် ထိုင်းစာတမ်းပါ ငါးခိုးရေယာဉ် ရေယာဉ်နှစ်စင်းအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ညီို့(၃) ကြို/ပို့ရေယာဉ်အတွက် တင်ဒါလျှောက်လွှာတစ်စောင် ၅၀၀၀ိ/-(ကျပ်ငါးထောင်) ဖြစ်ပြီး ရေယာဉ်အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။
၃။ ထိုင်းစာတမ်းပါ ငါးခိုးရေယာဉ်အတွက် တင်ဒါလျှောက်လွှာတစ်စောင် ၁၀၀၀ိ/-(ကျပ်တစ်သောင်း)ဖြစ်ပြီး ရေယာဉ်အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။
၄။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-
(က) **နေ့ရက်** - ၃၀-၉-၂၀၁၄ ရက်မှ ၁၄-၁၀-၂၀၁၄ ရက်အထိ
(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၉း၃၀ နာရီမှ ၁၅း၃၀ နာရီအထိ
(ဂ) **နေရာ** - ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၆)၊ ပဏ္ဏိတလမ်း၊ နေပြည်တော်
၅။ **ရေယာဉ်များ၏ မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ** - ညီို့(၃) ရေယာဉ်အား ငါးလုပ်ငန်းဦးစီးဌာနပိုင်၊ ဂျောင်ဝိုင်းသင်္ဘောကျင်း(အလုံတစ်ဖက်ကမ်း) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ထိုင်းစာတမ်းပါ ငါးခိုးရေယာဉ်အား တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ လွန်းကျင်းတံတားတွင်လည်းကောင်း ကြည့်ရှုနိုင်ပါသည်။
၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၆)၊ ပဏ္ဏိတလမ်း၊ နေပြည်တော်
၇။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၁၆-၁၀-၂၀၁၄ ရက် နံနက် ၀၉း၃၀ နာရီ
၈။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၁၀-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီ
၉။ အသေးစိတ်အချက်ကို သိရှိလိုပါက နေပြည်တော်၊ ငါးလုပ်ငန်းဦးစီးဌာန ဖုန်း-၀၆၇-၄၁၈၅၃၁၊ ၀၆၇-၄၀၈၄၇၄
**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**



**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ သမဝါယမအသင်းလီမိတက်ပိုင် MV-705 ရေယာဉ်အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ထားပါသည်။
၂။ MV-705 ရေယာဉ်အတွက် တင်ဒါလျှောက်လွှာတစ်စောင် ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်)ဖြစ်ပြီး ရေယာဉ်အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။
၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-
(က) **နေ့ရက်** - ၃၀-၉-၂၀၁၄ မှ ၁၄-၁၀-၂၀၁၄ ရက်အထိ
(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၉း၃၀ နာရီမှ ၁၅း၃၀နာရီအထိ
(ဂ) **နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဏိတလမ်း၊ နေပြည်တော်
၄။ **ရေယာဉ်၏မျက်မြင်အခြေအနေ ကြည့်ရှုရန်နေရာ** - MV-705 ရေယာဉ်အား ငါးလုပ်ငန်းဦးစီးဌာနပိုင် ဂျောင်ဝိုင်းသင်္ဘောကျင်း (အလုံတစ်ဖက်ကမ်း) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကြည့်ရှုနိုင်ပါသည်။
၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဏိတလမ်း၊ နေပြည်တော်
၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - (၁၆-၁၀-၂၀၁၄)ရက် နံနက် ၉း၃၀ နာရီ
၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - (၁၆-၁၀-၂၀၁၄)ရက် နံနက် ၁၀း၃၀ နာရီ
၈။ **အသေးစိတ်အချက်များသိရှိလိုပါက** - နေပြည်တော်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၈၅၃၁၊ ၀၆၇-၄၀၈၄၇၄
**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**



**ဖခင်အမည်မှန်**
ရမည်းသင်းမြို့နယ်၊ မြို့လှ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စိုးလွင်ဦး၏ဖခင်အမည်မှန်မှာ ဦးတင်မောင်အေး ၉/ရမသ(နိုင်)၀၃၀၀၂၄ ဖြစ်ပါကြောင်း။ **ဦးတင်မောင်အေး**



**အများသိစေရန်ကြေညာခြင်း**
လားရှိုးမြို့၊ (၅)ရပ်ကွက်၊ ဦးပိုင်အမှတ်(၄၇၆)၊ အကွက်အမှတ် (ပန်အုပ်ကျောင်းအရှေ့တောင်ကွက်)၊ ဧရိယာ ၀ ဒသမ ၆၈ ရှိ မြေဂရန်အမည်ပေါက် ဦးကော်ရွှင်လိန်(ခ)ကော်ရှုံးလိန် ၁၃/လရန(နိုင်)၀၅၈၁၂၃ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။
**ဦးအောင်သင်း**
**၁၃/လရန(နိုင်)၀၈၂၃၂၁**



**ဖခင်အမည်မှန်**
အထက(၂)၊ လယ်ဝေး၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်ပြည့်ဖြိုးကို၏ ဖခင်အမည်မှန်မှာ ဦးဌေးလွင် ၉/လဝန(နိုင်)၁၆၀၄၂၂ ဖြစ်ပါသည်။
**ဦးဌေးလွင်**

# ပြည်သူလူထုအခြေပြုအာဆီယံဖြစ်ရေးနှင့် အာဆီယံပူးပေါင်းဆက်နွယ်မှုဆီသို့ရောက်ရှိနိုင်ရေး ဆောင်ရွက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်လာသည့် အာဆီယံယဉ်ကျေးမှုဝန်ကြီးများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ပုဂံ စက်တင်ဘာ ၃၀**

(၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးအဆင့်အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုဂံမြို့ရှိ The Aureum Palace Hotel ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံအဖွဲ့အစည်းကြီးသည် ဒေသတွင်းပြဿနာအခက်အခဲများကို အတူတကွ ကြံ့ကြံ့ခံ၍ ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ အာဆီယံတည်ထောင်ခဲ့သည့် (၄၇)နှစ်တာတွင် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောသွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်းဟူသော ဆောင်ပုဒ်ကို တည်တံ့နိုင်စေရန်နှင့် ကြံ့ကြံ့ခံနိုင်သော အာဆီယံဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ မိမိတို့အနေဖြင့် မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းကြီးသို့ဝင်ရောက်ပြီး (၁၇)နှစ်မြောက်တွင် ပထမဆုံးအကြိမ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင်

*စာမျက်နှာ ၈ ကော်လံ ၁* ❖

## အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နိုင်ငံတကာအတွေ့အကြုံများအရ Non-Standard Blue Print စံပြပုံစံ လုပ်ငန်းစဉ်မရှိဘဲ သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်ကြရမည်ဖြစ်**

သတင်း၊ စာမျက်နှာ » ၁၁

## ကယ်ဆယ်ရေးအစီအစဉ်အသစ်များ ထပ်မံရေးဆွဲဆောင်ရွက်နေ

ဒါကာဘိုရာဇီတောင်၏ အမြင့်ပေ ၁၆၂၀၀ တွင် ပျောက်ဆုံးတောင်တက်သမားတို့ ကျန်ရစ်ခဲ့သည့် အိတ်အနီတစ်လုံး၊ အမြင့်ပေ ၁၇၃၀၀တွင် ကျောပိုးအိတ်အပြာတစ်လုံးတို့ကို ခက်ခဲစွာရှာဖွေတွေ့ရှိ

သတင်း၊ စာမျက်နှာ - ၈



မြန်မာကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့်အတူ အီတလီရဟတ်ယာဉ်မှူးတစ်ဦး ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်စဉ်။



အင်းသားရိုးရာ ဆွမ်းပို့လှေအဖွဲ့ကို တွေ့ရစဉ်။

## အင်းလေးဖောင်တော်ဦးဘုရား အင္ဒဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ

**တောင်ကြီး စက်တင်ဘာ ၃၀**

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ညောင်ရွှေမြို့ အင္ဒဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ စက်တင်ဘာ ၃၀ ရက် နံနက် ၉နာရီက ကြွချီအပူဇော်ခံကြောင်း သိရသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားသည် ဖောင်တော်ဆိပ်ပြာသာဒ်ဆောင်သို့ ကြွချီလာရာ ကရဝိက်ဖောင်တော်ပေါ်မှ ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ရာ ပထမကိုယ်ပွားတော်မြတ်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းအောင်မြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဘဏ္ဍာရေး

*စာမျက်နှာ ၄ ကော်လံ ၁* ■




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


SANCHAUNG GARDEN

RESIDENCE

# (၁) ခန်းဝယ်လျှင်ကားပါကင်

# (၆၀၀) သိန်းတန် ပါဝင်မည်

(၄)၊ (၅) လွှာရှိ (၅၆) ခန်းကို အောက်တိုဘာ

(၁) မှ (၇) ထိရောင်းချပေးမည်။

ပွဲအတွင်း ၉၀ သိန်း လျှော့ပေးမည်။

(၁၈)သိန်းစရံပေးထားမှ အခန်းရဖို့သေချာမယ်နော်...

ကြော်ငြာကဏ္ဍ


ဓာတ်ဆီဆိုင်
AYA Bank
KBZ Bank
ရွှေမန်းရုပ်ရှင်ရုံ
Dagon Center-2
ဗားကရာလမ်း
UAB Bank
ပဒုမ္မာ ခဘာရုံးကွင်း
ရတနာပုံရုပ်ရှင်ရုံ
စမ်းချောင်းလမ်း
ဗဟိုလမ်း
ပြည်လမ်း
အောင်ချမ်းသာလမ်း
SANCHAUNG GARDEN RESIDENCE
သာကူရာဆေးရုံ
အာရှတော်ဝင်ဆေးရုံ
City Mart
ဓာတ်ဆီဆိုင်
မွေ့စေတီလမ်း(ရှင်စောပုလမ်း)
Myanmar Event Park
လွှတ်တော်
ပြည်သူ့ရင်ပြင်
စင်္ကာပူတွင်အကောင်းဆုံးဟိုတယ်
MARINA BAY SANDS
ဒီဇိုင်းရေးဆွဲခဲ့သော စင်္ကာပူနိုင်ငံ
၏ နာမည်ကြီး ဗိသုကာကုမ္ပဏီ Aedas
မှ ဒီဇိုင်းရေးဆွဲသော SANCHAUNG GARDEN RESIDENCE ကွန်ဒို
(၁)ခန်းဝယ်လျှင်(၉၀)သိန်း Discount
OCTOBER 1 မှ 7 ထိ
(104) စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် လေ့လာဝယ်ယူနိုင်ပါပြီ။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁-၁၀-၂၀၁၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၅-၁၂-၂၀၁၄ ရက်နေ့မှ ၁၃-၁၂-၂၀၁၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၇၅၀၀၀ိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၇၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။| ၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။|

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၉၄၀၀၀ | ၁၀၀၀ | ၅၀၀၀ | ၁၀၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# ၉၉ အချိုမှုန့်

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် ၉၉ အချိုမှုန့်

**ပြောင်းဖူးမှ ထုတ်လုပ်ထားသော သဘာဝ ဟင်းခတ်အချိုမှုန့်စစ်စစ်**

ငွေသားဖြင့်ကံစမ်းမဲချီးမြှင့်ပေးပါမည်။ ◆ ပေါက်မဲများကို သတင်းစာတွင် ကြေညာပေးပါမည်။

ပထမဆု – ၁၀၀၀၀၀၀၀ (သိန်းတစ်ရာကျပ်) တတိယဆု – ၃၀၀၀၀၀ (သုံးသိန်းကျပ်)

ဒုတိယဆု – ၅၀၀၀၀၀ (ငါးသိန်းကျပ်) အထူးဆု – (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် ၁၀၀၀၀၀ (တစ်သိန်းကျပ်)

## ရန်ကုန် ကိုယ်စားလှယ်များ

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ရွှေခင် | 22 လမ်းလေးသား၊ | 09 400471076 |
| ၂။ | ဦးလှမောင် | အမှတ် (ဧ-1)၊ ညောင်ပင်လေးဈေး | 01 229634, 09 73030189 |
| ၃။ | ဒီမမအောင် | 455၊ မြေအောက်ထပ်၊ ညောင်ပင်လေးဈေး | 01 210702, 09 5106831 |
| ၄။ | စိန်ထိုးစည် | ညောင်ပင်လေးဈေး | 09 5084414, 01 709734 |
| ၅။ | နှင်းနှင်းလှိုင် | ညောင်ပင်လေးဈေး | 09 681868, 09 73165075 |
| ၆။ | မနိုင် | အမှတ်(၂၈၄/၂၈၅)(ပဒေသာဈေး) တောင်ဥက္ကလာပမြို့နယ်၊ | 01 578598 |
| ၇။ | မနိုင် | ရွှေပြည်သာမြို့နယ်၊ | 09 250980518 |

အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - ၈၉/ ၁၃၀၂ / ထလ

ကိုယ်စားလှယ်ယူလိုသူများနှင့် ဈေးချလိုသူများ လာရောက်ဆက်သွယ် ဈေးနှုန်းနိုင်ပါသည်။

ပင်ရင်းဌာန / ဖြန့်ချိရေးဌာန - အမှတ် (၉၇ / ၉၉)၊ ၂၂လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ် - 01 – 382333 , 01 – 384632 , 09 730 48157 , 09-250065716, 09 250065717, 09 250065719

## နယ်ကိုယ်စားလှယ်များ

| | | | |
|---|---|---|---|
| ၁။ | ဟုန်ရှင်း (ဆန်ဆိုင်) | မော်လမြိုင် | 09 49314328, 09 425299644 |
| ၂။ | ဦးစိုင်းရွန် | တောင်ကြီး | 08 1205829, 08 12122589 |
| ၃။ | ဦးလှကြီးမောင်/ဒေါ်ခင်မာရီ | ကျောက်ပန်းတောင်းမြို့ | 09 2220129, 092220331, 061-50087 |
| ၄။ | ကိုအောင်မြင့်မြတ် | ကြို့ပင်ကောက် | 09 5374657 |
| ၅။ | ကိုညီညီ | ချောက်မြို့ | 06 1200662, 09 401675488, |
| ၆။ | ကိုသူရမ်း | စစ်တွေ | 09 250332792 |
| ၇။ | သီတာကျော် | တပ်ကုန်း | 06 771055, 09 250201166 |
| ၈။ | ဦးသောင်းစိန် | တောင်တွင်းကြီး | 06 3500641, 09 5333073 |
| ၉။ | ဒေါ်ထွေးထွေး | နေပြည်တော် | 09 5169072, 09 43016061, |
| ၁၀။ | ဒေါ်စိုးစိုးလှိုင် | ပန်းတနော် | 09 422488515 |
| ၁၁။ | ဒေါ်ဝင်းမြင့် | ပုသိမ် | 04 221613 |
| ၁၂။ | မနိုင် | ပြည် | 09 31581642 |
| ၁၃။ | ဒေါ်တောက်ဝို | ဘိုကလေး | 09 428016337, 09 8595284 |
| ၁၄။ | ဦးထွန်းထွန်း | မအူပင် | 09 8585877 |
| ၁၅။ | မဇော်နန္ဒာနွယ် | မိတ္ထီလာ | 09 449004864, 09 259216840 |
| ၁၆။ | ဦးအောင်သိန်း/ဒေါ်ရွှေရွှေရီ | မိတ္ထီလာ | 06 424531, 09 402564278 |
| ၁၇။ | ဒေါ်ခွာလေး | ကလေး | 09400309254, 09402716059 |
| ၁၈။ | ဒေါ်ခင်ထွေးကြည် | မော်ဘီ | 09 73190890 |
| ၁၉။ | ကိုဇော်မြင့် | မန္တလေး | 09 4302707083,09 2033668 |
| ၂၀။ | ကိုအောင်အောင်မြတ် | မြိတ် | 09 43084472, 09 82020303 |
| ၂၁။ | ဦးဘစံ | သာစည် | 09 2225777 |
| ၂၂။ | ဦးလှမင်း | လက်ပံတန်း | 09 254587089 |
| ၂၃။ | ဒေါ်ယုယုအောင် | ဒေးဒရဲ | 09 49273847 |

နိုင်ငံတကာလုပ်ငန်းကြီးတွေမှာအဆင့်မြင့်မြင့်၊ရာထူးကြီးကြီး၊ထိုက်ထိုက်တန်တန်ဝင်ရောက်လိုသော

## (၂၀၁၃–၂၀၁၄)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

- သင်တန်းကာလအချိန်စုစုပေါင်း(၃)နှစ်ပဲကြာမယ်
- အင်္ဂလန်နိုင်ငံကချီးမြှင့်တဲ့နိုင်ငံတကာအသိအမှတ်ပြုဘွဲ့(၁)ခုနဲ့ဒီပလိုမာ(၂)ခုရမယ်
- MCSA,MCSD,MCSE စတဲ့ Microsoft ရဲ့ကျွမ်းကျင်မှုလက်မှတ်တွေရမယ်
- အင်္ဂလိပ်စာကျွမ်းကျင်မှုကို(IELTS Ready) ဖြစ်တဲ့အထိလေ့ကျင့်သင်ကြားခွင့်ရမယ်
- ဘဝအတွက်အရေးကြီးတဲ့ကိုယ်ရည်ကိုယ်သွေးတွေမြင့်မားအောင်ဘက်စုံလေ့ကျင့်ခွင့်ရမယ်
- နိုင်ငံတကာအဆင့်အိုင်တီကုမ္ပဏီကြီးမှာအလုပ်သင် (On Job Training) ဆင်းခွင့်ရမယ်
- သင်တန်းပြီးတာနဲ့အိုင်တီပညာရှင်တစ်ယောက်အနေနဲ့ထိုက်ထိုက်တန်တန်အလုပ်ရမယ်

Microsoft CERTIFIED Solutions Associate

Microsoft CERTIFIED Solutions Developer

Microsoft CERTIFIED Solutions Expert

# MCC Training Institute

## (Yangon , Naypyitaw, Mandalay, Yatanarpon)

The Biggest Private Higher Institution in Myanmar
The 1st ISO QMS 9001:2008 Certified Education Body
The 1st and Only 1 Microsoft Gold Learning Partner
The Biggest Team of Faculty and Support Staff
The most Variety of Programme running
The most Biggest Student Attending & Graduates

1

Microsoft Partner
Gold Learning

**အောက်တိုဘာ(၁၃)သင်တန်းစမည်**
**စာရင်းပေးသွင်းတက်ရောက်နိုင်ပြီ။**

01-246634, 01-2304156
09-91034062 , 02-77930
09-31354842 ,02-5178112

